# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး
# (၂၀)ရက်မြောက်နေ့မှတ်တမ်း

၁၃၇၅ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်

( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက် )

[ တနင်္လာနေ့ ]

**အချိန်၊ ၁၀း၁၁။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီ အချိန်၌ စတင် ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၁၁။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေးရဲ့ (၂၀)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ်အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီ ရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ဦးရေ စုစုပေါင်း (၂၂၀)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၅၈)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၁.၈၂) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့ အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်။ ၁၀း၁၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေးရဲ့ (၂၀)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ။** ။ ယနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြား တင်ပြပါမယ်။

ဦးတင်မြ၊ စစ်ကိုင်း(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင် ဆောင်ရွက်ရန်၊ ဦးရှုမောင်၊ ရှမ်း(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးအောင်ထွန်း၊ မကွေး(၁၁)၊ မိခင် ကျန်းမာရေး၊ ဦးကြည်ထွန်း၊ မကွေး(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးသော်ဇင်ဦး၊ မကွေး(၉)၊ ကိုယ်တိုင် ဆောင်ရွက်ရန်၊ ဦးတင်မောင်ဝင်း၊ မန္တလေး(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးစောငြိမ်းသင်၊ ကရင်(၃)၊ ရေဘေးကယ်ဆယ်ရေး၊ ဦးစောသန်းထွန်း၊ ကရင်(၄)၊ ရေဘေးကယ်ဆယ်ရေး၊ ဦးဗညားအောင်မိုး၊ မွန်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးထွန်းလွင်၊ ကချင်(၉)၊ ဒေသဖွံ့ဖြိုးရေး၊ ဦးဂျေယောဝူ၊ ကချင် (၁၂)၊ မိခင်ကျန်းမာရေး၊ ဦးငွေးဝင်း၊ ရခိုင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးမောင်သာခင်၊ ရခိုင်(၈)၊ ရေဘေးကယ်ဆယ်ရေး၊ ဦးဆွေအောင်၊ ရန်ကုန်(၁၂)၊ ရေဘေးကယ်ဆယ်ရေး၊ ဦးအေး၊ မန္တလေး(၇)၊ နယ်မြေကွင်းဆင်း၊ ဒေါက်တာမြင့်ကြည်၊ ရန်ကုန်(၈)၊ အလုပ်ရုံဆွေးနွေးပွဲ၊ ဦးခမ်ဆွင်းမုန်၊ ချင်း(၅)၊ ရေဘေးကယ်ဆယ်ရေး၊ ဦးကော်ရိုင်း၊ ကယား(၉)၊ အရေးကြီးကိစ္စ၊ ဦးဝင်းနိုင်ရှိန်၊ ပဲခူး(၅)၊ ပြည်ပ ခရီးစဉ်၊ ဦးမြညိမ်း၊ ရန်ကုန်(၇)၊ ရေဘေးကယ်ဆယ်ရေး၊ ဦးကံညွန့်၊ စစ်ကိုင်း(၅)၊ ကျန်းမာရေး၊ ဦးစောမြဝင်း၊ ကရင်(၁၁)၊ အလုပ်ရုံဆွေးနွေးပွဲ၊ ဦးစိုင်းတင်အောင်၊ ကချင်(၅)၊ ဒေသဖွံ့ဖြိုးရေး၊ ဦးခက်ထိန်နန်၊ ကချင်(၁)၊ ဒေသဖွံ့ဖြိုးရေး၊ ဒေါ်ရီရီမြင့်၊ မွန်(၁)၊ ဖခင်နေမကောင်း၊ ဒေါ်နန်းနီနီအေး၊ ကရင်(၆)၊ ရေဘေးကယ်ဆယ်ရေး၊ ဦးဆန်းရယ်၊ ကယား(၅)၊ အလုပ်ရုံဆွေးနွေးပွဲ၊ ဦးလှအေး၊ တနင်္သာရီ(၁၁)၊ ဇနီးကျန်းမာရေး၊ ဦးစောထွန်းမြအောင်၊ ကရင်(၅)၊ ဒေသဖွံ့ဖြိုးရေး၊ ဦးစိုင်းမြမောင်၊ ကချင်(၁၀)၊ မြစ်ကြီးနားခရီးစဉ်၊ ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ ဒေသဖွံ့ဖြိုးရေး၊ ဒေါက်တာလှသိန်း၊ မွန်(၆)၊

ရေဘေးကယ်ဆယ်ရေး၊ ဒေါက်တာမြဦး၊ ပဲခူး(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဒေါက်တာဌေးဝင်း၊ ဧရာဝတီ(၅)၊ ရေဘေးကယ်ဆယ်ရေး၊ ဦးစိုးဝင်း၊ ဧရာဝတီ(၂)၊ ရေဘေးကယ်ဆယ်ရေး၊ ဦးအောင်မြင့်သိန်း၊ ကရင်(၉)၊ ကျန်းမာရေး၊ ဦးဉာဏ်လင်း၊ ရှမ်း(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးဝင်းတင့်၊ စစ်ကိုင်း(၁)၊ ပြည်ပခရီးစဥ်၊ ဦးစိုးသက်၊ တနင်္သာရီ(၁)၊ ဆေးကုသမှု၊ ဦးကျားမောင်၊ တနင်္သာရီ(၈)၊ ကယ်ဆယ်ရေး၊ ဦးအောင်ဝင်း၊ တနင်္သာရီ(၄)၊ ကျန်းမာရေး၊ ဦးတင်ရှိန်၊ တနင်္သာရီ(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးသန်းမြင့်၊ တနင်္သာရီ(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးခင်မောင်လတ်၊ ရခိုင်(၆)၊ ကိုယ်ရေးကိုယ်တာ၊ ဦးဆိုင်ပေါင်းနပ်၊ ရှမ်း(၁၂)၊ အလုပ်ရုံဆွေးနွေးပွဲ၊ ဒေါက်တာဌေးနိုင်၊ ဧရာဝတီ(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးစိုးဟန်လင်း၊ ဧရာဝတီ(၁)၊ ကျန်းမာရေးဆေးစစ်ရန်၊ ဦးဝင်းသိန်း၊ ဧရာဝတီ(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးပေါ်လျှံလွင်၊ ချင်း(၉)၊ ကျန်းမာရေး၊ ဒေါက်တာအေးမောင်၊ ရခိုင်(၁)၊ သင်တန်းတက်ရန်၊ ဦးစံထွန်း၊ ကချင်(၁၁)၊ အလုပ်ရုံဆွေးနွေးပွဲ၊ ဗိုလ်မှူးမြင့်စိန်၊ တပ်မတော်၊ ကော်မတီတာဝန်ထမ်းဆောင်၊ ဒေါက်တာခင်ရွှေ၊ ရန်ကုန်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်၊ ဦးဝင်းနောင်၊ ရန်ကုန်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန် တို့ ဖြစ်ပါတယ်။

ယခုတင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များနဲ့ပတ်သက်ပြီး ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၀)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြု ထားသူ (၇)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၅၅)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၆၂)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်(၂)ဦးက မေးမြန်းတဲ့ မေးခွန်းတွေဟာ သမ္မတရုံးဝန်ကြီးဌာန(၄)၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

## တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်၊ ကံပေါက်-ကလိန်အောင်လမ်းခွဲမှ ဖားချောင်းကျေးရွာအထိ မြေသားလမ်းကို ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်စိန် က တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်၊ ကံပေါက်-ကလိန်အောင်လမ်းခွဲမှ ဖားချောင်းကျေးရွာအထိ မြေသားလမ်းကို ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးမောင်စိန်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) ရေဖြူမြို့နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်စိန် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကျွန်တော့်အနေနဲ့ တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်၊ ကံပေါက်-ကလိန်အောင်လမ်းခွဲမှ ဖားချောင်းကျေးရွာအထိ မြေသားလမ်းကို ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရေဖြူမြို့နယ်၊ ကံပေါက်ဒေသမှ ပြည်သူများသည် လွန်ခဲ့သော နှစ်ပေါင်း(၈၀)ခန့်က ရေဖြူမြို့၊ ထားဝယ်မြို့သို့ သွားတဲ့အခါ ကံပေါက်၊ တောင်ယင်းအင်း၊

ဖားချောင်းနှင့် မြန်မာရှင်ထဘီကျေးရွာများအထိ ကိုယ်ထူကိုယ်ထ ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ကာ သွားလာကြပါတယ်။ မြန်မာရှင်ထဘီကျေးရွာသို့ ရောက်တဲ့အခါ ထားဝယ်မြစ်ကို ပဲ့ချိတ်စက်လှေဖြင့်ကူး၍ နှမ်းကြဲကျေးရွာသို့ ရောက်ရှိပြီး ရေဖြူမြို့၊ ထားဝယ်မြို့သို့ မော်တော်ယာဉ်ဖြင့် ဆက်သွားကြပါတယ်။ မိုးရာသီတွင် ထားဝယ်မြစ်ရေမှာ ရေစီးအလွန်သန်ပြီး၊ ဒိုက်များ၊ သစ်လုံးကြီးများ၊ ဝါးရုံကြီးများ မျောဆင်းလာခြင်းကြောင့် ကူးတို့ ပဲ့ချိတ်စက်လှေဖြင့် ဖြတ်ကူးရာတွင် အန္တရာယ်များလှပါတယ်။

၁၉၅၀ခုနှစ်တွင် ဝဏ္ဏကျော်ထင်ဦးစံမြိုင်သည် မြန်မာရှင်ထဘီနှင့် နှမ်းကြဲကျေးရွာသို့ ထားဝယ်မြစ် ဖြတ်ကူးရခြင်းမှ ကင်းလွတ်စေရန် ကံပေါက်မှ ထားဝယ်-ရန်ကုန်သွား မော်တော်ကားလမ်းပေါ်ရှိ ကလိန်အောင်မြို့ကို ကိုယ်ထူကိုယ်ထ မြေလမ်းဖောက်လုပ်၍ သွားလာကြပြီး ယခုအခါ ကတ္တရာလမ်းဖြစ်နေပြီ ဖြစ်ပါတယ်။ ကံပေါက်မှ မြန်မာရှင်ထဘီ ကျေးရွာချင်းဆက်လမ်းကို တောင်ယင်းအင်း၊ ဖားချောင်းနှင့် မြန်မာရှင်ထဘီ ကျေးရွာသူ/သားများသာ ဆက်လက်သွားလာလျက်ရှိပါတယ်။

ယခုအခါ ကံပေါက်၊ တောင်ယင်းအင်း၊ ဖားချောင်းနှင့် မြန်မာရှင်ထဘီ ကျေးရွာဧရိယာအတွင်း မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ၌ စီမံကိန်းစက်မှုသီးနှံ၊ ဆီအုန်း၊ ရော်ဘာများစိုက်ပျိုးခြင်း၊ ဥယျာဉ်ခြံများ တိုးချဲ့စိုက်ပျိုးခြင်း၊ သတ္တုတူးဖော်ခြင်းလုပ်ငန်းများကြောင့် ဒေသတွင်းနေထိုင်သူဦးရေမှာ များပြားလာခြင်း၊ လုပ်ငန်းသုံးပစ္စည်းများ သယ်ပို့ခြင်းတို့အတွက် ဆက်သွယ်သွားလာသော အဓိကကျသည့် တစ်ခုတည်းသောလမ်း ဖြစ်ပါတယ်။ ဒေသအတွင်း စိုက်ပျိုးရေးလုပ်ငန်းများကို တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးခြင်းကိုလည်းပဲ ဆောင်ရွက်လျက်ရှိပါတယ်။

ကံပေါက်၊ ကလိန်အောင်လမ်းခွဲမှ ဖားချောင်းကျေးရွာအထိ လမ်းအကွာအဝေးမှာ (၉)မိုင်ခန့်ရှိပြီး ဒေသခံများနှင့် လုပ်သားပြည်သူများ ပူးပေါင်းပြီး လမ်းကောင်းရန် တတ်အားသမျှ ပြုပြင်သဖြင့် နွေရာသီတွင် သွားလာမှု အဆင်ပြေသော်လည်း မိုးတွင်းကာလတွင် မိုးရွာသွန်းမှုများခြင်းကြောင့် လမ်းပေါ်ရေကျော်ခြင်း၊ ရေအေးပေါက်ထွက်၍ မြေဗွက်ထခြင်းကြောင့် လမ်းများပျက်စီးကာ ယာဉ်များသွားလာ၍မရတော့ဘဲ လူမျှသာ သွားလာကြရပါတယ်။ ကုန်ပစ္စည်းများကိုလူဖြင့်သာ သယ်ယူနိုင်ခြင်းကြောင့် ကုန်ပစ္စည်းပြတ်လပ်ခြင်းနှင့် ကုန်ဈေးနှုန်းကြီးမြင့်ခြင်း၊ လူမှုရေး၊ ကျန်းမာရေးကိစ္စများ၌လည်း အခက်အခဲများနှင့် ရင်ဆိုင်ကြရပါတယ်။ ဒေသခံပြည်သူများအနေဖြင့် ရာသီမရွေး သွားလာနိုင်ရန်အတွက် ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးပါရန် လိုလားတောင့်တလျက် ရှိကြပါတယ်။

သို့ပါ၍ ကံပေါက်-ကလိန်အောင်လမ်းခွဲမှ ဖားချောင်းကျေးရွာအထိ မြေသားလမ်းကို ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါသဖြင့် ဒေသခံပြည်သူများ၏ ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်အတွင်းရှိ ဝက်တိုး၊ ပုလောကုန်း ကျေးရွာချင်းဆက်လမ်းပေါ်ရှိ သစ်သားတံတားကို သံဘောင်ဘေလီတံတား သို့မဟုတ် သံကူကွန်ကရစ်တံတားအဖြစ် ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးလှစိုး က တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်အတွင်းရှိ ဝက်တိုး၊ ပုလောကုန်း ကျေးရွာချင်းဆက်လမ်းပေါ်ရှိ သစ်သားတံတားကို သံဘောင်ဘေလီတံတား သို့မဟုတ် သံကူကွန်ကရစ်တံတားအဖြစ် ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဦးလှစိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) ပုလောမြို့နယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှစိုး ဖြစ်ပါတယ် ခင်ဗျား။ ကျွန်တော့်အနေနဲ့ မေးမြန်းလိုတဲ့ အကြောင်းအရာကတော့ ပုလောမြို့နယ် အရှေ့ဘက် (၇)မိုင်အကွာ ပုလောချောင်းကိုဖြတ်ကူးတဲ့ ဝက်တိုး၊ ပုလောကုန်း ကျေးရွာချင်းဆက်လမ်းပေါ်ရှိ သစ်သားတံတားကို သံဘောင်ဘေလီတံတား သို့မဟုတ် သံကူကွန်ကရစ်တံတားအဖြစ် ပြုလုပ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ အဆိုပါ တံတားကြီးဟာ အရှည်ပေ(၂၂၀)၊ အကျယ်(၁၈)ပေ၊ အမြင့်(၂၅)ပေရှိတဲ့ သစ်သားတံတားအမျိုးအစားဖြစ်ပြီး နန်းတောင်ကျေးရွာအုပ်စု၊ ပုလောကုန်းကျေးရွာအုပ်စု၊ ဒူးရင်းပင်ရှောင်ကျေးရွာအုပ်စု၊ ပုလောဖျားကျေးရွာအုပ်စု၊ ရှမ်းဒွတ်ကျေးရွာအုပ်စု၊ မီးချောင်းသိုက်ကျေးရွာအုပ်စုဆိုတဲ့ ကျေးရွာများရဲ့ ကျေးရွာချင်းဆက်လမ်းပေါ်မှာ ရှိနေတဲ့ တံတားလည်းဖြစ်ပါတယ်။ ၎င်းတံတားကြီးဟာ မိုးရာသီရောက်တိုင်း ပုလောချောင်း ရေစီးသန်မှုကြောင့် ရေထဲမျောပါပျက်စီးသွားပြီး မိုးရာသီကုန်မှ ပတ်ဝန်းကျင်ကျေးရွာများရှိ တတ်နိုင်သော ရွာသူ/ရွာသားများထံမှ သစ်၊ သံ စသည်တို့ကို အလှူခံပြီး သစ်တန်(၃၀)ခန့်ကို အသုံးပြုပြီးတော့ လူထုလုပ်အားနဲ့ နှစ်စဉ်နှစ်တိုင်း ပြန်လည်တည်ဆောက်နေရတဲ့ တံတားဖြစ်ပါတယ်။ မိုးရာသီမှာ တံတားမရှိတဲ့အတွက် ဒေသခံပြည်သူများ၊ ကျောင်းသူ/ကျောင်းသားများ သွားလာရန်နှင့် ဒေသထွက် စပါး၊ ရော်ဘာနဲ့ ဥယျာဉ်ခြံထွက်သီးနှံများ သယ်ယူရာတွင် အခက်အခဲ များစွာနဲ့ ကြုံတွေ့နေရပါတယ်။

သို့ဖြစ်ပါ၍ ဝက်တိုး၊ ပုလောကုန်း ကျေးရွာချင်းဆက်လမ်းပေါ်ရှိ သစ်သားတံတားကို သံဘောင်ဘေလီတံတား သို့မဟုတ် သံကူကွန်ကရစ်တံတားအဖြစ် ပြုလုပ်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ ဆိုတဲ့ မေးခွန်းကို ဒေသခံလူထုများရဲ့ လိုအပ်ချက်အရ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် တင်ပြမေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန(၄)၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၂၅။**

**ဦးအောင်သိမ်း (ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၄)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန(၄)မှ ဒုတိယဝန်ကြီး ဦးအောင်သိမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တနင်္သာရီတိုင်းဒေသကြီး အမှတ်(၅) မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်စိန် မေးမြန်းခဲ့တဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်း ဖြေဆိုသွားမှာ ဖြစ်ပါတယ်။

၎င်းမေးခွန်းနဲ့ ပတ်သက်ပြီး တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ်အတွင်းရှိ ကံပေါက်-ကလိန်အောင်လမ်းခွဲမှ ဖားချောင်းကျေးရွာ အထိသွားလာတဲ့ တောင်ယင်းအင်း-ဖားချောင်းလမ်းမှာ မြေသားလမ်းတစ်ခု ဖြစ်ပြီးတော့ စုစုပေါင်းအရှည် (၉)မိုင် ဖြစ်ပါတယ်။ ရေဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဟာ ကောက်ခံရရှိတဲ့ အခွန်အခ အကောက်ရန်ပုံငွေ နည်းပါးတဲ့ အဖွဲ့ ဖြစ်ပြီး ၂၀၁၃-၂၀၁၄ခု ဘဏ္ဍာရေးနှစ်မှာ မြို့ပြ လမ်း၊ တံတား ငွေလုံးငွေရင်း လုပ်ငန်းများအနေနဲ့ (ခ)ရပ်ကွက် ကျောက်ဒေါင့်လမ်း ကျောက်ချောခင်းခြင်းနဲ့ မြို့ပြကွန်ကရစ်တံတား(၇)စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ငွေကျပ်(၁၅၄.၉၂)သိန်း ဖြင့်လည်းကောင်း၊ မြို့ပြရေပေးရေး ငွေလုံးငွေရင်းလုပ်ငန်းအနေနဲ့ (က)နဲ့(ခ)ရပ်ကွက်များတွင် လက်တူးတွင်း(၂)တွင်း၊ အမိုးနဲ့ ပလက်ဖောင်းများ ပြုလုပ်ပေးခြင်းများ အတွက် ငွေကျပ်(၁၆.၃၀)သိန်းဖြင့်လည်းကောင်း၊ စုစုပေါင်း ခွင့်ပြုရန်ပုံငွေကျပ်(၁၇၁.၂၂)သိန်းဖြင့် လျာထားဆောင်ရွက်လျက် ရှိပါတယ်။ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းဦးစီးဌာနအနေနဲ့ ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ်မှာ ရေဖြူမြို့နယ်အတွင်း ကျေးလက်လမ်းများအနေနဲ့ ပုလဲကူလမ်း ကျောက်ချောခင်းခြင်း အရှည်(၄)ဖာလုံအတွက်ကို ငွေကျပ်(၂၆၉.၇၄)သိန်း၊ ပုလဲကူ-ရေဖြူ-ကျောက်ဒေါင့်-နတ်တွင်းလမ်း ကျောက်ချောခင်းခြင်း အရှည်(၅)မိုင် (၂)ဖာလုံအား ငွေကျပ်(၃၃၁၇.၈၀)သိန်း စုစုပေါင်း ကျောက်ချောခင်း၊ ကျောက်ချောလမ်း အရှည်(၅)မိုင် (၆)ဖာလုံကို ငွေကျပ်(၃၅၈၇.၅၄)သိန်းဖြင့် ဆောင်ရွက်ရန် လျာထားပါတယ်။

ရေဖြူမြို့နယ် ကံပေါက်-ကလိန်အောင်လမ်းခွဲမှ ဖားချောင်းကျေးရွာအထိ သွားလာတဲ့ တောင်ယင်းအင်း-ဖားချောင်းလမ်း အရှည်(၉)မိုင်ကို ကျောက်ချောလမ်း ခင်းမည်ဆိုပါက ငွေကျပ်(၅၆၈၇.၆၄)သိန်းခန့်ကုန်ကျမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ကံပေါက်-ကလိန်အောင်လမ်းခွဲမှ ဖားချောင်းကျေးရွာအထိ သွားလာတဲ့ တောင်ယင်းအင်း-ဖားချောင်းလမ်းကို ဖောက်လုပ်မည်ဆိုပါက ရေဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရဲ့ ရန်ပုံငွေနဲ့ ငွေနည်းပါးတဲ့အတွက်ကြောင့် အဖွဲ့အနေနဲ့ ဖောက်လုပ်ပေးနိုင်ခြင်းမရှိပါကြောင်းနဲ့ နိုင်ငံတော် ထောက်ပံ့ရန်ပုံငွေရရှိရေး တင်ပြ

သွားမည်ဖြစ်ပြီးတော့ ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး လမ်းဖောက်လုပ်ရေး စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော့်အနေနဲ့ တနင်္သာရီတိုင်းဒေသကြီး အမှတ်(၉)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှစိုး မေးမြန်းခဲ့တဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်း ဖြေဆိုသွားမှာ ဖြစ်ပါတယ်။ ၎င်းမေးခွန်းနဲ့ ပတ်သက်ပြီး ပုလောမြို့နယ် ပုလော-နန်တောင်း-မှော်မိ-ဂျင်ဂါ-တောင်ပုလဲ-ဝက်တိုး-ပုလောကုန်း-နတ်အိမ်တောင်-ချောင်းလှ-မိချောင်းသိုက် ကျေးရွာချင်းဆက်လမ်းပေါ်မှာရှိတဲ့ ပုလောချောင်းကူးတံတားဟာဆိုရင် (၂၂၀)ပေ၊ (၁၈)ပေ၊ (၂၅)ပေဖြစ်ပြီးတော့ သစ်သားတံတား အမျိုးအစားဖြစ်ပါတယ်။ အကျိုးပြုကျေးရွာအုပ်စုများမှာ နမ့်တောင်ကျေးရွာအုပ်စု၊ ပုလောကုန်းကျေးရွာအုပ်စု၊ ဒူရင်းပင်ရှောင်ကျေးရွာအုပ်စု၊ ပုလောဖျားကျေးရွာအုပ်စုနဲ့ ရှမ်းဒွတ်ကျေးရွာအုပ်စု၊ မီးကျောင်းသိုက်ကျေးရွာအုပ်စုတို့မှ ဖြစ်ကြပြီး အကျိုးပြုအိမ်ခြေမှာ (၁၉၇၄)ဖြစ်ပြီး၊ အကျိုးပြုလူဦးရေမှာ (၁၀၁၅၂)ဦး ဖြစ်ပါတယ်။ ပုလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၊ လုပ်ငန်းလျာထားချက်များမှာ မြို့ပြလမ်းကတ္တရာခင်းခြင်း (၄.၂၄)ဖာလုံ၊ ခန့်မှန်းကုန်ကျငွေ(၂၅.၈၂)သန်း၊ မြို့ပြကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်း (၃)စင်းအား ခန့်မှန်းကုန်ကျငွေ(၂.၉၂)သန်း၊ မြို့ပြရေပေးရေးလုပ်ငန်း(၂)ခုအား ခန့်မှန်းကုန်ကျငွေ(၉.၅၃)သန်း စုစုပေါင်း ကုန်ကျငွေ(၃၈.၂၉) သန်းဖြင့် လျာထားဆောင်ရွက်လျက်ရှိပါတယ်။ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၃-၂၀၁၄ ခုနှစ်ဘဏ္ဍာရေးနှစ်မှာ ပုလောမြို့နယ်အတွင်း ဆောင်ရွက်ရန်လျာထားတဲ့ ကျေးလက်လုပ်ငန်းများမှာ ကျေးလက်လမ်းလုပ်ငန်းများအဖြစ် နမ့်တောင်-ဂျင့်ဂါ-ပုလောကုန်းလမ်း ကျောက်ချောခင်းခြင်းအတွက် လုပ်ငန်း(၂)မိုင်ကို ခန့်မှန်းကုန်ကျငွေ (၁၀၇.၉)သန်း၊ ပဝတ်ကုန်း- ပဝတ်ဖျား-ဂျင်းနီ မြေသားလမ်းဖောက်လုပ်ခြင်းအတွက် လုပ်ငန်း(၅)မိုင်အား ခန့်မှန်းကုန်ကျငွေ ကျပ်(၆၆.၇) သန်း၊ ကျေးလက်တံတား လုပ်ငန်းများအဖြစ် ပုလောကုန်း-ရှမ်းတောင် လမ်းပေါ်မှာရှိတဲ့ သစ်သားတံတား(၉၀)ပေကို ခန့်မှန်းကုန်ကျငွေ (၂၇)သန်း၊ နမ့်တောင်-ပုလောကုန်းကျေးရွာ လမ်းပေါ်ရှိ ရေပွန်တံတားများ(၂၀)ပေကို ခန့်မှန်းကုန်ကျငွေကျပ် (၄)သန်း၊ ပုလောကုန်း- ရှမ်းတောင်လမ်းပေါ် မှာရှိတဲ့ ရေပွန်တံတားများ (၆၀)ပေကို ခန့်မှန်းကုန်ကျငွေ(၁၂)သန်း၊ ကျေးလက် ရေပေးရေး လုပ်ငန်းများအနေနဲ့ လက်တူးတွင်း(၃)တွင်း တူးဖော်ခြင်းလုပ်ငန်းအတွက်ကို ခန့်မှန်းကုန်ကျငွေ(၁၂)သန်း၊ စုစုပေါင်းကုန်ကျငွေ (၂၂၉.၆)သန်းနဲ့ ဆောင်ရွက်ရန်လျာထားပါတယ်။ ပုလောကုန်း-ဝက်တိုးတံတား (၂၂၀)ပေ၊ (၁၈)ပေ၊ (၂၅)ပေအား သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်မည်ဆိုပါက ခန့်မှန်း ကုန်ကျငွေကျပ်(၂၈၄.၃)သန်း ကုန်ကျမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ပုလောကုန်း-ဝက်တိုးတံတား၊ သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်း (၂၂၀)ပေ၊ (၁၈)ပေ၊ (၂၅)ပေ ခန့်မှန်းကုန်ကျငွေ (၂၈၄.၃)သန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေမှ တင်ပြတောင်းခံသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်အား ပို့ဆောင်ရေးဝန်ကြီးဌာန လက်အောက်တွင် ဖွင့်လှစ်ရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးစိုးအောင် က မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်အား ပို့ဆောင်ရေးဝန်ကြီးဌာန လက်အောက်တွင် ဖွင့်လှစ်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၃။**

**ဦးစိုးအောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနဲ့ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာချင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင် ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်အား ပို့ဆောင်ရေးဝန်ကြီးဌာန လက်အောက်တွင် ဖွင့်လှစ်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆင့်မြင့်ပညာကဏ္ဍ၌ အသက်မွေးဝမ်းကျောင်းပညာတက္ကသိုလ်များသည် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ လက်အောက်၌ ဖွင့်လှစ်မှသာ နိုင်ငံတော်တိုးတက်ရေးအတွက် အဆိုပါ ဝန်ကြီးဌာန၏ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုများကို အထောက်အကူပြုနိုင်ခြင်း၊ လိုအပ်သည့် လူ့စွမ်းအား အရင်းအမြစ်များကို ပျိုးထောင်ပေးနိုင်ခြင်း၊ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းစတဲ့ အကျိုးကျေးဇူးများ ရရှိစေနိုင်မှာ ဖြစ်ပါတယ်။ ဥပမာအားဖြင့် ဆေးတက္ကသိုလ်များ၊ ကျန်းမာရေးနဲ့ သက်ဆိုင်တဲ့ တက္ကသိုလ်များသည် ကျန်းမာရေးဝန်ကြီးဌာနအောက်တွင်လည်းကောင်း၊ သစ်တောတက္ကသိုလ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန အောက်တွင်လည်းကောင်း၊ စိုက်ပျိုးရေးတက္ကသိုလ်သည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အောက်တွင် လည်းကောင်း၊ တိရစ္ဆာန်မွေးမြူရေးနှင့် ဆေးကုသရေးတက္ကသိုလ်သည် မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန အောက်တွင်လည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်သည် ယဉ်ကျေးမှုဝန်ကြီးဌာနအောက်တွင်လည်းကောင်း စသည်ဖြင့်ဖွင့်လှစ်ခြင်းတို့ဖြစ်ပါတယ်။ ၂၀၀၂ ခုနှစ်မှစ၍ ကျွန်တော်တို့ မိတ္ထီလာမြို့တွင် မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်ကို သိပ္ပံနဲ့ နည်းပညာ ဝန်ကြီးဌာနအောက်တွင် ဖွင့်လှစ်ခဲ့ပါသည်။ တစ်ချိန်တည်းမှာပဲ ပို့ဆောင်ရေးဝန်ကြီးဌာန အောက်၌ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ကိုလည်း ဖွင့်လှစ်ခဲ့ပါတယ်။ ပို့ဆောင်ရေးဝန်ကြီးဌာနတွင် ရေကြောင်းနှင့် လေကြောင်းကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရန် အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲများကျင်းပပြုလုပ်လျက် ဆောင်ရွက်နေကြောင်း အားတက်ဖွယ်သိရှိရပါတယ်။ ပို့ဆောင်ရေး

ကဏ္ဍတွင် ပါဝင်သော ရေကြောင်းအတွက် ရေကြောင်းပညာတက္ကသိုလ်မှ အထောက်အကူပြုလျက် ရှိသကဲ့သို့ လေကြောင်းအတွက်လည်း လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်မှ အထောက်အကူ ပြုနိုင်ရန် လိုအပ်ပါတယ်။

ယခုအခါ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်မှ ဘွဲ့ရကျောင်းဆင်းဦးရေ (၄၀၀) ခန့် ရှိပြီဟုသိရှိရပြီး၊ ကျောင်းသားများ၏ သုတေသနပရောဂျက်များ ဆောင်ရွက်နိုင်မှုများကိုလည်း ဂျာနယ်များတွင် ဖတ်ရှုခဲ့ရပါတယ်။ အဆိုပါတက္ကသိုလ်မှ လေကြောင်းနှင့် အာကာသဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များကို ထိရောက်အကျိုးရှိစွာ ပျိုးထောင်ပေးနိုင်ရန် ရေကြောင်းပညာ တက္ကသိုလ်ကဲ့သို့ ပညာရပ်သဘောသဘာဝနှင့် လုပ်ငန်းခွင်ဝင်ရမည့်ဌာနတို့ ဆက်စပ် ကိုက်ညီမှု ရှိသော ပို့ဆောင်ရေးဝန်ကြီးဌာနအောက်သို့ ပြောင်းရွှေ့ဖွင့်လှစ်ပါက ပိုမို၍ အကျိုးသက်ရောက်မှု ရှိမယ် ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ နိုင်ငံတော်အတွက် လေကြောင်းအင်ဂျင်နီယာ ပညာရပ်များအပြင် အာကာသ ဆိုင်ရာ နည်းပညာများ၊ ဂြိုလ်တုပညာများ ဖွံ့ဖြိုးတိုးတက်လာစေရန် လိုအပ်သော လူ့စွမ်းအား အရင်းအမြစ်များကို ထိရောက်စွာ ပြုစုပျိုးထောင်ပေးနိုင်ရေးအတွက် မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်ကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်၌ ထားရှိဖွင့်လှစ်မည့်အစား ပို့ဆောင်ရေးဝန်ကြီးဌာနအောက်သို့ ပြောင်းရွှေ့ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ/မရှိ ဖြေကြားပေးစေလိုပါသဖြင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး မှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၇။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၃၇။**

**ဦးဟံစိန် (ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြုအပ် ပါတယ်ခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုးအောင် မှ မေးမြန်းထားတဲ့ မေးခွန်းကို ကျွန်တော် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဟံစိန် မှ ပြန်လည်ဖြေကြားပေးမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ပို့ဆောင်ရေးဝန်ကြီးဌာန အောက်မှာ ပို့ဆောင်ရေးဦးစီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ မြန်မာနိုင်ငံကုန်သွယ် ရေကြောင်းကောလိပ်၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ မြန်မာ့လေကြောင်း၊ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်နဲ့ မြန်မာ့သင်္ဘောကျင်းလုပ်ငန်းဆိုပြီးတော့ ဌာန(၁၁)ခုနဲ့ ဖွဲ့စည်းဆောင်ရွက်လျက် ရှိပါတယ်။ လေကြောင်းကဏ္ဍအတွက် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရဲ့ လေကြောင်း

ပညာသိပ္ပံကျောင်းမှာ လေကြောင်းကဏ္ဍဆိုင်ရာ ကျွမ်းကျင်မှု သင်တန်းများဖြစ်တဲ့ လေကြောင်း ထိန်းသိမ်းရေးဆိုင်ရာ သင်တန်းများ၊ လေကြောင်းလုံခြုံရေးဆိုင်ရာ သင်တန်းများ၊ လေကြောင်း ဆက်သွယ်ရေးဆိုင်ရာ သင်တန်းများ၊ လေယာဉ် အသက်ကယ်နဲ့ မီးသတ်ဆိုင်ရာ သင်တန်းများ၊ လေယာဉ်မှူးလိုင်စင် သင်တန်းများ၊ အရပ်ဖက်မှ လေယာဉ်မှူးလိုင်စင် မြေပြင်သင်တန်း၊ လေယာဉ် မောင်/မယ်သင်တန်းများနဲ့ အခြားဆက်စပ်သင်တန်းတွေကို စဉ်ဆက်မပြတ်ဖွင့်လှစ်ပို့ချ ဆောင်ရွက် ပေးလျက်ရှိပါတယ်။

ရေကြောင်းကဏ္ဍအတွက် မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်နဲ့ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်တို့ကို ဖွင့်လှစ်ထားရှိပါတယ်။ မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ် ကနေပြီးတော့ ကျွန်တော်တို့ ရေကြောင်းအရာရှိလောင်းသင်တန်းနဲ့ အင်ဂျင်နီယာအရာရှိလောင်း သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါတယ်။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်က နေပြီးတော့ ရေယာဉ်တည်ဆောက်မှု၊ ရေကြောင်းအင်ဂျင်နီယာ၊ ဆိပ်ကမ်းအင်ဂျင်နီယာ၊ မြစ်ချောင်းနဲ့ ကမ်းရိုးတန်းအင်ဂျင်နီယာ၊ ရေကြောင်းလျှပ်စစ်နဲ့ အီလက်ထရောနစ်အင်ဂျင်နီယာနဲ့ ရေကြောင်းသိပ္ပံ ပညာဘွဲ့များကို သင်ကြားပေးလျက်ရှိပါတယ်။ အဲဒီတက္ကသိုလ်က ကျွန်တော်တို့ ဘွဲ့ရတွေကိုတော့ ဒီဇိုင်းလုပ်ငန်းနဲ့ ဆက်စပ်တဲ့ လုပ်ငန်းတွေ ပါဝင်ဆောင်ရွက်ရတဲ့ မြန်မာ့သင်္ဘောကျင်းလုပ်ငန်း၊ ရေအရင်းအမြစ်နဲ့ မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနဲ့ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်စတဲ့ ဌာနအဖွဲ့အစည်းတွေမှာ ခန့်အပ်နေရာချထားပေးပြီးတော့ ဆောင်ရွက်လျက် ရှိပါတယ်။

မြန်မာနိုင်ငံလေကြောင်းနဲ့ အာကာသပညာတက္ကသိုလ်ဟာ ဆိုလို့ရှိရင် အင်ဂျင်နီယာ ပညာရပ်၊ ဒီဇိုင်းပိုင်းဆိုင်ရာတွေကို အဓိကထားပြီးတော့ ဘွဲ့အဆင့်ကနေ ဘွဲ့လွန်အဆင့်အထိ လေ့ကျင့် သင်ကြားပေးလျက်ရှိတဲ့ အဆင့်မြင့်တက္ကသိုလ်တစ်ခု ဖြစ်ပါတယ်။ လေကြောင်းအာကာသကဏ္ဍနဲ့ စပ်လျဉ်းပြီးတော့ ကျွန်တော်တို့ ပို့ဆောင်ရေးဝန်ကြီးဌာနရဲ့ လက်အောက်မှာ အာကာသပညာရပ်နဲ့ ပတ်သက်တဲ့ လုပ်ငန်းဆောင်ရွက်မှုများ မရှိသေးပါဘူး။ လေကြောင်းပို့ဆောင်ရေးလုပ်ငန်းအတွက် ပင်လျှင် လုပ်ငန်းနယ်ပယ်ကို စည်းကမ်းချမှတ်ကြီးကြပ်ရတဲ့ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနနဲ့ ပြည်ပမှ ထုတ်လုပ်တင်သွင်းလာတဲ့ လေယာဉ်တွေကို ပြုပြင်ထိန်းသိမ်းသုံးစွဲနေတဲ့ မြန်မာ့လေကြောင်းတို့သာလျှင် ရှိပါတယ်။ နိုင်ငံတကာမှာလည်း လက်တွေ့ဆောင်ရွက်မှုပါဝင်တဲ့ အသက်မွေးဝမ်းကျောင်း ပညာရပ်များကို သင်ကြားပြီးတော့ လက်တွေ့လုပ်ငန်းနဲ့ ဆက်စပ်တဲ့ ဒီပလိုမာနဲ့ ကျွမ်းကျင်လက်မှတ်တွေ အပ်နှင်းတဲ့ သင်တန်းကျောင်းများကိုသာ သက်ဆိုင်ရာ ဝန်ကြီးဌာန အသီးသီးရဲ့ လက်အောက်မှာ ထားရှိလေ့ရှိပါတယ်။ အဆင့်မြင့် အတတ်ပညာ၊ အသိပညာများ သင်ကြားပို့ချပြီးတော့ ဘွဲ့ဒီဂရီနဲ့ ဘွဲ့လွန်ဒီဂရီများ ပေးအပ်နိုင်တဲ့ အနေအထားရှိတဲ့ တက္ကသိုလ် တွေကို သီးခြားလွတ်လပ်တဲ့ ပညာရေးအဖွဲ့အစည်း သို့မဟုတ် ပညာရေးဝန်ကြီးဌာနလက်အောက်မှာ ထားရှိပါတယ်။

လက်ရှိမြန်မာနိုင်ငံရဲ့ လေကြောင်းကဏ္ဍမှာ အမှန်တကယ်လိုအပ်နေသည်မှာ လေယာဉ် ပြုပြင်ထိန်းသိမ်းမှုအပိုင်းမှာ လက်တွေ့ဆောင်ရွက်နိုင်တဲ့ ကျွမ်းကျင်နှံ့စပ်သူများသာ ဖြစ်ပြီးတော့ ၎င်းလိုအပ်ချက်များကို ဖြည့်ဆည်း၍ လေ့ကျင့်သင်ကြားပေးနိုင်မည့် ဘွဲ့ကြိုအဆင့်ရှိ ဒီပလိုမာနှင့် ကျွမ်းကျင်မှုလက်မှတ်ဆိုင်ရာ သင်တန်းကျောင်းများ ပေါ်ပေါက်ရေးကို ပို့ဆောင်ရေးဝန်ကြီးဌာနက

အလေးပေးပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံလေကြောင်းနဲ့ အာကာသပညာတက္ကသိုလ် ဟာဆိုလို့ရှိရင် အဆင့်မြင့်တက္ကသိုလ် ကျွန်တော်တို့ (Center of Excellence) အဖြစ် သတ်မှတ်ပြီးတော့ ဘွဲ့အဆင့်နှင့် ဘွဲ့လွန်အဆင့် ပညာရပ်များကို သင်ကြားပေးလျက်ရှိတဲ့ တက္ကသိုလ် ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ ကွန်ပျူတာအင်ဂျင်နီယာဘွဲ့နဲ့ ဘွဲ့လွန်ပိုင်းဆိုင်ရာ အတတ်ပညာတွေကို လေ့ကျင့်သင်ကြားခြင်း၊ စီမံအုပ်ချုပ်ခြင်းတို့မှာ အတွေ့အကြုံရှိခဲ့ပြီးဖြစ်တဲ့ သိပ္ပံနဲ့ နည်းပညာဝန်ကြီးဌာနရဲ့ လက်အောက်မှာ ဆက်လက်ထားရှိခြင်းက ပိုမိုသင့်လျော်မည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

သိပ္ပံနဲ့ နည်းပညာဝန်ကြီးဌာနအနေနဲ့လည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ်တည်ဆောက်ရာမှာ အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့် သိပ္ပံနှင့် နည်းပညာဆိုင်ရာ လူ့စွမ်းအား အရင်းအမြစ်များ ပြုစုပျိုးထောင်နိုင်ရန် ရည်ရွယ်ပြီးတော့ အာဆီယံ အဆင့်မီ အင်ဂျင်နီယာပညာရှင်များ၊ နည်းပညာရှင်များ၊ ကွန်ပျူတာပညာရှင်များနဲ့ လေကြောင်းနဲ့ အာကာသဆိုင်ရာ ပညာရှင်များ ပေါ်ထွက်လာစေရန်တို့ကို အရှိန်အဟုန်မြှင့် ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုလက်ရှိအချိန်အထိ အင်ဂျင်နီယာဘွဲ့များနှင့် ဒီပလိုမာဘွဲ့များ ပညာသင်ကြားတက်ရောက်လျက်ရှိတဲ့အပြင် ပြည်ပပညာတော်သင်များအတွက် သတ်မှတ် အရည်အချင်းပြည့်မီလျှင် နိုင်ငံခြားပညာတော်သင်အဖြစ် စေလွှတ်ပေးလျက်ရှိကြောင်း၊ ယခင်က ရန်ကုန်နည်းပညာတက္ကသိုလ်မှာလည်း လေကြောင်းအင်ဂျင်နီယာဌာနခွဲ တစ်ခုဖွင့်ပြီးတော့ သင်ကြားပို့ချခဲ့တဲ့ လေကြောင်းအင်ဂျင်နီယာဘွဲ့ရပညာရှင်များကို မွေးထုတ်ပေးခဲ့ကြောင်း၊ မြန်မာနိုင်ငံပညာရေးကော်မတီမှ လေကြောင်းနှင့် အာကာသပညာရှင်များ ပိုမိုရရှိစေရန် ရည်ရွယ်ပြီးတော့ ၂၀၀၂ ခုနှစ်မှာ မြန်မာနိုင်ငံလေကြောင်းနဲ့ အာကာသပညာတက္ကသိုလ်ကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်မှာ လေ့ကျင့်သင်ကြားပေးရန် ဆုံးဖြတ်ဆောင်ရွက်ခဲ့ပါကြောင်းနှင့် မြန်မာနိုင်ငံလေကြောင်းနဲ့ အာကာသပညာတက္ကသိုလ်ကို ပို့ဆောင်ရေးဝန်ကြီးဌာနလက်အောက်သို့ လွှဲပြောင်းဖွင့်လှစ်ပေးရန် အစီအစဉ် မရှိသေးပါကြောင်း ဖြေကြားထားပါတယ်။

သို့ဖြစ်ပါ၍ မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၁)၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးစိုးအောင် ရဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ မြန်မာနိုင်ငံလေကြောင်းနဲ့ အာကာသပညာတက္ကသိုလ်ကို ပို့ဆောင်ရေးဝန်ကြီးဌာနလက်အောက်သို့ ပြောင်းရွှေ့ဖွင့်လှစ်ရန် အစီအစဉ် မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ် (၃) ဦး က မေးမြန်းတဲ့ မေးခွန်းတွေဟာ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီး က တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ မာန်အောင်မြို့ ပြည်သူ့ဆေးရုံ၏ အမိုးသွပ်ပြားများ ပေါက်ပြဲ၍ မိုးယိုလျက်ရှိသည်ကို ပြုပြင်ပေးရန်နှင့် လစ်လပ်လျက်ရှိသော ဝန်ထမ်းများအား ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင် က ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ မာန်အောင်မြို့ ပြည်သူ့ဆေးရုံ၏ အမိုးသွပ်ပြားများ ပေါက်ပြဲ၍ မိုးယိုလျက်ရှိသည်ကို ပြုပြင်ပေးရန်နှင့် လစ်လပ်လျက်ရှိသော ဝန်ထမ်းများအား ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၃။**

**ဦးအုန်းတင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး နှလုံးစိတ်ဝမ်း ငြိမ်းချမ်းကြပါစေလို့ ဆုတောင်းရင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကျွန်တော် ဦးအုန်းတင် က ရိုသေဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော်မေးမြန်းမယ့် မေးခွန်းကတော့ ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ မာန်အောင်ကျွန်း မာန်အောင်မြို့ပေါ်မှာရှိတဲ့ ပြည်သူ့ဆေးရုံဟာ အမိုးသွပ်ပြားများကို ပေါက်ပြဲနေပြီ ဖြစ်တဲ့အတွက်ကြောင့် ပြန်လည်မိုးကာပေးမယ့်အကြောင်း ရှိ/မရှိနဲ့ ဖွဲ့စည်းပုံအရ ချမှတ်ထားတဲ့ ဝန်ထမ်းများကို အပြည့်ပြန်လည်ခန့်ထားခြင်း ရှိနိုင်/မရှိနိုင်ကို မေးမြန်းဖို့ ဖြစ်ပါတယ် ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင်၊ မာန်အောင်မြို့ရှိ ပြည်သူ့ဆေးရုံမှာ နှစ်ကာလကြာရှည်ပြီ ဖြစ်တဲ့အတွက် အမိုးသွပ်ပြားများ ဟောင်းနွမ်းဆွေးမြည့်လျက် ဆေးရုံတစ်ရုံလုံးနီးပါးမျှ မိုးယိုလျက် ရှိနေပါတယ်။ ယခုကဲ့သို့ ဆွေးမြည့် ပေါက်ပြဲလျက်ရှိသော သွပ်ပြားများ မိုးနိုင်ရန်အတွက် စီမံချက်များရေးဆွဲပြီး ၂၀၁၂ ခုနှစ်၊ မေလ ၆ ရက်နေ့တွင် နည်းလမ်းတကျ တင်ပြသော်လည်း ယနေ့အထိ ပြုပြင်ပေးမှု မရှိသေးပါ။ သို့ဖြစ်ပါ၍ ဟောင်းနွမ်းနေပြီဖြစ်သော အမိုးသွပ်ပြားများကို ဖယ်ရှားလျက် အသစ်ပြုပြင်ဆောင်ရွက်ပေးနိုင်မှု ရှိ/မရှိကို သိလိုပါသည်။ ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည် ဖြစ်ကြောင်းကိုလည်း သိလိုပါတယ်ခင်ဗျား။

နောက် ဆက်လက်ပြီးတော့ မာန်အောင်မြို့နယ် ကျန်းမာရေးဌာနတွေမှာရှိတဲ့ ဖွဲ့စည်းပုံနဲ့ ပတ်သက်ပြီးတော့ လစ်လပ်နေတဲ့ ဆရာတွေနဲ့ပတ်သက်ပြီးတော့ ကျွန်တော် ဆွေးနွေးလိုပါတယ်။ မာန်အောင်မြို့နယ်၊ မြို့နယ်ကျန်းမာရေးဌာနမှာ လက်ထောက်ဆရာဝန်(၄)ဦး ခန့်ထားသော်လည်းပဲ (၁)ဦးသာ ခန့်ထားတဲ့အတွက် လက်ထောက်ဆရာဝန်(၃)ဦးဟာ လစ်လပ်လျက်ရှိနေပါတယ်။ သွားဘက်ဆိုင်ရာ သူနာပြုဆရာမ တစ်ဦးဦးကို ခန့်ထားဖို့ ဖွဲ့စည်းပုံမှာ ချထားပေးသော်လည်းပဲ လက်ရှိ အနေအထားအားဖြင့် တစ်ဦးမှမရှိသေးပါ။ နောက် တိုက်နယ်ဆေးရုံများမှာရှိတဲ့ ဆားချက်တိုက်နယ်၊ ဆားချက်ကျေးရွာသစ် တိုက်နယ်ဆေးရုံမှာ တာဝန်ခံဆရာဝန်(၁)ဦးနဲ့ လက်ထောက်ဆရာဝန်(၁)ဦးကို ဖွဲ့စည်းပုံအရ ချမှတ်ထားသော်လည်းပဲ ၎င်းဆရာဝန်(၂)ဦးစလုံး တိုက်နယ်ဆေးရုံ

တွင် မရှိပါခင်ဗျား။ နောက် သစ်ပုံဆေးရုံ ဖြစ်ပါတယ်။ အဲဒီမှာဆေးစပ်ဆရာ၊ Compounder (၁)ဦးနဲ့ အလုပ်သမား (၂)ဦးကို ဖွဲ့စည်းပုံအရ ချမှတ်ပေးသော်လည်းပဲ လက်ရှိတစ်ဦးမျှ မရှိသေးကြောင်းကို တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မာန်အောင်မြို့နယ်ဟာ မာန်အောင်ကျွန်းပေါ်မှာ တည်ရှိပြီး လမ်းပန်းဆက်သွယ်သွားလာရေး အလွန်ခက်ခဲသော မြို့နယ်တစ်ခုဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ဝန်ကြီးရုံးရဲ့ ၁၅-၃-၂၀၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၀၁/၂၀၁၀ ခုနှစ်ဖြင့် ထုတ်ပြန်သော ဝေးလံခေါင်သီမြို့နယ်(၈၇) မြို့နယ်တွင် တစ်မြို့နယ်အပါအဝင်ဖြစ်ပါတယ်။ ဤမြို့နယ်ရှိ ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုစီးပွားရေးတို့အတွက် နိုင်ငံတော်မှ အထူးကြပ်မတ်ဆောင်ရွက်ပေးရန် တာဝန်ရှိတယ်လို့ ယူဆပါတယ်။

သို့ဖြစ်ပါ၍ မာန်အောင်မြို့နယ်အတွင်းရှိ ကျန်းမာရေးဦးစီးဌာနများတွင် ဖွဲ့စည်းပုံအရ သတ်မှတ်ထားသော ဆရာဝန်၊ ဆရာမ၊ သားဖွားဆရာမတို့အား အပြည့်အဝခန့်အပ်ပေးထားနိုင်ရေး အတွက် အစီအစဉ်ရှိ/မရှိ သိလိုကြောင်းမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**နမ့်ဆန်မြို့ ခုတင်(၅၀)ဆံ့ ဆေးရုံကြီး အရှည်တည်တံ့ ခိုင်မြဲစေရန် ဆေးရုံ၏အနောက်ဘက် ဖို့မြေပြိုကျမှုကို အချိန်မီ ပြုပြင်တားဆီးပေးရန် အစီအစဉ် ရှိ/ မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၇။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးထွန်းကျော် က နမ့်ဆန်မြို့ ခုတင်(၅၀)ဆံ့ဆေးရုံကြီး အရှည်တည်တံ့ခိုင်မြဲစေရန် ဆေးရုံ၏အနောက်ဘက် ဖို့မြေပြိုကျမှုကို အချိန်မီ ပြုပြင်တားဆီးပေးရန် အစီအစဉ် ရှိ/ မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၇။**

**ဦးထွန်းကျော်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်များ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံပါစေလို့ ဆန္ဒမွန်ပြုရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ဟာ ရှမ်းပြည်နယ်မြောက်ပိုင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးထွန်းကျော် ဖြစ်ပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်မြောက်ပိုင်း ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဒေသဦးစီးအဖွဲ့ရုံးစိုက်တဲ့ နမ့်ဆမ်မြို့ဟာ ပင်လယ်ရေ မျက်နှာပြင်အထက် ပေပေါင်း (၅၃၃၂) ပေမှာ တည်ရှိပါတယ်။ ပလောင်တိုင်းရင်းသား (၉၀) ရာခိုင်နှုန်းကျော်စုစည်းနေထိုင်တဲ့ ရှေးဟောင်းမြို့တစ်မြို့လည်းဖြစ်ပါတယ်။ တောင်ပိုင်းနဲ့ တောင်ပိုင်း စော်ဘွားခေတ်အဆက်ဆက် အုပ်ချုပ်ခဲ့တဲ့ မြို့တစ်မြို့လည်း ဖြစ်ပါတယ်။ ဒီနေရာမှာ တောင်ပိုင်း စော်ဘွားဆိုတာ တောင်ပိုင်း၊ မြောက်ပိုင်းစော်ဘွားမျိုးနွယ်ကို ပြောတာမဟုတ်ပါဘူး။ တောင် ပင်လယ်ကို မြောက်မြားစွာ ပိုင်ဆိုင်ထားတဲ့ စော်ဘွားဖြစ်တဲ့အတွက်ကြောင့်မို့ တောင်ပိုင်းစော်ဘွား၊

တစ်နည်းအားဖြင့် ပြောမယ်ဆိုရင် ကျွန်တော်တို့ ပလောင်စော်ဘွားလည်း ဖြစ်ပါတယ်။ လူဦးရေ (၇၀၀၀၀)ကျော် စုစည်းနေထိုင်တဲ့ မြို့ဖြစ်ပြီး၊ လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲပြီး မိုးတွင်းရာသီမှာ မြေပြိုခြင်း၊ ရေကြီးခြင်းဖြစ်တတ်တဲ့အတွက် တစ်လကိုးသီတင်း အဆက်အသွယ် ပြတ်တောက်လေ့ ရှိပါတယ်။ ဒီ အဆောက်အဦးကြီးဟာ တောင်ပိုင်းစော်ဘွား စံမြန်းခဲ့တဲ့ ဟော်နန်းပဲ ဖြစ်ပါတယ်။၁၉၃၇ ခုနှစ်မှာ တည်ဆောက်ထားတဲ့ ဟော်နန်းလည်း ဖြစ်ပါတယ်။ ဘုံပြသာဒ်အဆင့်ဆင့်နဲ့ တည်ဆောက်ထားခြင်း ဖြစ်ပါတယ်။

သို့သော် ဒီဟော်နန်းဟာ ဒုတိယကမ္ဘာစစ်တုန်းက ဗုံးဒဏ်ကြောင့် ပျက်စီးခဲ့ရပါတယ်။ ၁၉၅၉ ခုနှစ်၊ ဧပြီလမှာ ဒီစော်ဘွားဟာ အာဏာကို အပ်နှင်းလိုက်ရတဲ့အတွက် ဒီဟော်နန်းမှာ သူ မနေတော့ပါ။ ဒီဟော်နန်းကို ၁၉၇၃ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့မှာ ဒါ ဟော်နန်းကို တည်ဆောက်ခဲ့တဲ့ ခုနှစ်ပဲ ဖြစ်ပါတယ်။ ဒါက ၁၉၇၃ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့မှာ ဒီဟော်နန်းကို အများပြည်သူလူထုအတွက် ဆေးရုံအဖြစ် စော်ဘွားကြီးက လှူဒါန်းခဲ့ပါတယ်။ ၁၉၇၃ ခုနှစ်ကနေပြီးတော့မှ ၂၀၁၀ ခုနှစ်ဆိုရင် နှစ်ပေါင်း(၃၇)နှစ် ဆေးရုံအဖြစ် ကျွန်တော်တို့က အသုံးပြုခဲ့ပါတယ်။ ယခု ဒီမိုကရေစီအစိုးရသစ်လက်ထက်မှာ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာပြီး မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးလည်း (၂၄)နာရီ ရရှိလျက်ရှိပါသည်။ အေးရှားဝေါလ်ကုမ္ပဏီမှ ဆောက်လုပ်လှူဒါန်းသော ခုတင်(၅၀)ဆံ့ တစ်ထပ်တိုက် မြို့နယ်ဆေးရုံမှာ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖွဲ့ ရုံးစိုက်ရာဌာနနဲ့လျော်ညီစွာ ၂၀၁၀၊ (၄)လ မှာ အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပါတယ်။

ယခင်တောင်ပိုင်းနယ် စော်ဘွားခေတ်အဆက်ဆက်က အုပ်ချုပ်ရေးရုံးအဖြစ် အသုံးပြုခဲ့သော ဟော်နန်း၊ နောက်ပြီးတော့မှ ပြည်သူ့ဆေးရုံအဖြစ် နှစ်ပေါင်း(၃၇)နှစ်ကြာ အသုံးပြုခဲ့သော ဟော်နန်းကို ခေတ်မီစွာ ပြန်လည်ပြုပြင် မွမ်းမံပြီး ယခု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ရုံးအဖြစ် ဖွင့်လှစ်နိုင်တာ သမိုင်းအရ အလွန်ပဲ တန်ဖိုးမြင့်မားပါတယ်။ ဒေသခံ ပြည်သူများကိုယ်စား နိုင်ငံတော်အစိုးရကို ကျေးဇူးအထူးတင်ရှိပါကြောင်း အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြောကြားအပ်ပါတယ်။ Next Slide ဒါလည်းဆေးရုံပါ၊ အခု လက်ရှိ အေးရှားဝေါ်လ်ကုမ္ပဏီက ဆောက်လုပ်လှူဒါန်းထားတဲ့ ခုတင်(၅၀)ဆံ့ဆေးရုံပါ။ Next Slide ဒါလည်း ကနေ့ ဆေးရုံဖြစ်ပါတယ်။

သို့သော် ခုတင်(၅၀)ဆံ့ ဆေးရုံသစ်ကြီး၏ အနောက်ဘက် မြေကြီးသည် ဖို့မြေဖြစ်သည့်အတွက် မိုးရာသီတွင် မိုးရေတိုက်စားမှုကြောင့် တဖြည်းဖြည်း ပျော့အိကျဆင်းလာကာ ယခု ဓာတ်ပုံပါအတိုင်း ဆေးရုံအဆောက်အဦနှင့် နီးကပ်လာပြီ ဖြစ်ပါတယ်။ ဒါက ဆောင်းတွင်းမှာ မနှစ်ဆောင်းတွင်းမှာ ပြိုကျခဲ့တဲ့အပိုင်း ဖြစ်ပါတယ်။ Next Slide ဒါလည်း ပြန်စီထားတဲ့အပိုင်း ဖြစ်ပါတယ်။ ဒါကလည်း စနစ်တကျ ကျောက်နဲ့စီထားခြင်း မဟုတ်ဘဲနဲ့ ပီနံအိတ်ထဲမှာ သဲတွေထည့်ထားပြီးတော့မှ စီထားခြင်းပဲ ဖြစ်ပါတယ်။ Next Slide အခုလို စီထားတဲ့ သဲအိတ်တွေက အားလုံး ဒီနှစ်မိုးရာသီမှာ အားလုံး ပြိုကျသွားပြီး ဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ်မှာ တစ်ကြိမ်၊ ၂၀၁၂ ခုနှစ်မှာ တစ်ကြိမ် ဆောင်းရာသီမှာပြုပြင်ထားပြီးဖြစ်သော်လည်း မြေကြီးကို ကောင်းစွာမထိန်းသိမ်းနိုင်သေးပါ။ အချိန်မီ မပြုပြင်နိုင်ပါက ယခုနှစ်မိုးရာသီတွင် ဆက်လက်မြေပြိုကျကာ ဆေးရုံ၏ ပင်မအဆောက်အဦကို ထိခိုက်လာမည် ဖြစ်ပါတယ်။ မူလ အဆောက်အဦကို ပြန်ပြပါ။ နောက်ပြန်ရစ်ပါ။ အပေါ်ယံ အထက်ပိုင်းကို ပြုပြင်ခြင်းထက် တကယ့်အောက်ပိုင်းမှာ စတင်အုတ်မြစ်ချခြင်း၊

စနစ်တကျ ကျောက်ရိုးစီခြင်း သို့မဟုတ် ကွန်ကရစ်လောင်းခြင်း ပြုလုပ်နိုင်မှသာ ရေရှည်တည်တံ့ ခိုင်မြဲနိုင်မယ်ဖြစ်ပါတယ်။ ဆေးရုံရဲ့ မြေမျက်နှာပြင်မှ ချောင်းအောက်အထိ ပျမ်းမျှပေ (၃၀၀)ကျော် ကနေပြီးတော့မှ ပေ(၄၀၀)အထိ ကျွန်တော်တို့ ခန့်မှန်းထားရှိပါတယ်။ ဒီပုံကတော့ ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ရုံးအဖြစ် မူလက ကျွန်တော်တို့ ဟော်နန်းကို ပြန်လည်ပြုပြင်ပြီးတော့မှ အသုံးချထားခြင်း ဖြစ်ပါတယ်။ အဲဒါက မုခ်ဦးပါ။ အစည်းအဝေးခန်းမ ဖြစ်ပါတယ်။ တစ်ချိန်တစ်ခါ တုန်းက ဒီခန်းမထဲမှာ ပလောင်တိုင်းရင်းသားရေးရာကိစ္စမှန်သမျှကို စော်ဘွားကြီးကိုယ်တိုင်က စီမံခန့်ခွဲခဲ့တဲ့ ရုံးခန်းလည်းဖြစ်ပါတယ်။ အခု ဒီရုံးခန်းကို၊ ဟော်နန်းအဆောက်အဦကို ပြန်လည်ပြုပြင် ပြီးတော့မှ ကျွန်တော်တို့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရဲ့ ရုံးအဖြစ် အသုံးပြုခွင့်ပြုတာ နိုင်ငံတော် အစိုးရကို ပလောင်တိုင်းရင်းသား တစ်ခုလုံးက အလွန်ပဲ ကျေးဇူးတင်ရှိပါကြောင်း စောစောက ဥက္ကဋ္ဌကြီး မှတစ်ဆင့် နိုင်ငံတော်အစိုးရကို ပြောကြားအပ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ (က) ဆေးရုံကြီး အရှည်တည်တံ့ခိုင်မြဲ စေရန် ဆေးရုံ၏ အနောက်ဘက်ဖို့မြေကို အချိန်မီပြုပြင်ထားဆီးနိုင်ရန် အစီအစဉ် ရှိ/မရှိ။ (ခ) ရှိသည် ဆိုပါက မည်သည့်အချိန်တွင် စတင်ဆောင်ရွက်နိုင်မည်ကို ဒေသခံပြည်သူများကိုယ်စား လွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့နယ်၊ ဆိပ်သာတိုက်နယ်ဆေးရုံနှင့် မြန်အောင်မြို့နယ်၊ ရွှေကျင် တိုက်နယ်ဆေးရုံတို့တွင် ဝန်ကြီးဌာနမှ လုပ်ငန်းများအပြီးသတ် ဆောင်ရွက်နိုင်ရေးအတွက် ရန်ပုံငွေ ချထားပေးရန်နှင့် လိုအပ်သော ကိရိယာ (Instrument) များ ခွင့်ပြုပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ က ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့နယ်၊ ဆိပ်သာတိုက်နယ်ဆေးရုံနှင့် မြန်အောင် မြို့နယ်၊ ရွှေကျင်တိုက်နယ်ဆေးရုံတို့တွင် ဝန်ကြီးဌာနမှ လုပ်ငန်းများအပြီးသတ် ဆောင်ရွက်နိုင်ရေး အတွက် ရန်ပုံငွေ ချထားပေးရန်နှင့် လိုအပ်သော ကိရိယာ (Instrument) များ ခွင့်ပြုပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၅။**

**ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါ သော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးအား အမှူးထား၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ကျွန်တော် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ က လေးစားစွာ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီး မှတစ်ဆင့် မေးမြန်းခွင့်ပြုထားတဲ့ ကြယ်ပွင့်ပြမေးခွန်း အမှတ်(၃)ကတော့ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင်မှာရှိတဲ့၊ မဲဆန္ဒနယ်အမှတ်(၆)မှာပါတဲ့ ကြံခင်းနဲ့ မြန်အောင်မြို့နယ်နှစ်ခုက တိုက်နယ် ဆေးရုံများကိစ္စ ဖြစ်ပါတယ်။ မဲဆန္ဒနယ်အမှတ်(၆)မှာပါဝင်တဲ့ ကြံခင်းမြို့နယ်၊ ဆိပ်သာတိုက်နယ် ဆေးရုံဟာ ဆုံလဲကျေးရွာအုပ်စုမှာရှိပြီးတော့ တစ်ချိန်တုန်းက နာမည်ကြီးခဲ့တဲ့ မက်သနောစက်ရုံကြီး တည်ရှိခဲ့တဲ့နေရာ ဖြစ်ပါတယ်။ အခုတော့ စက်ရုံဟာ လည်ပတ်ခြင်း မရှိတော့ပါဘူး။ ဒီနေရာမှာ၊

တိုက်နယ်ဆေးရုံ ပေးမယ်ဆိုတဲ့နေရာမှာ ကျွန်တော်တို့ ခွင့်ပြုချက်ရမယ် ဆိုကတည်းက လူထုက တတ်ကြွစွာ ဆေးရုံကို စတင်ဆောက်ပါတယ်။ စတင်ဆောက်တာကတော့ ၂၀၀၉ ခုနှစ်က စတင်တည်ဆောက်ပါတယ်။ ပြီးတာကတော့ ၂၀၁၀ မေ မှာ ပြီးပြီးတော့ ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှာ ကျွန်တော်တို့ ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ အဲဒါဟာ ဆေးရုံ စဆောက်ကတည်းက ဒီဆေးရုံရော မြန်အောင်မြို့နယ်၊ ရွှေကျင်းတိုက်နယ်ဆေးရုံရော ဒေသခံပြည်သူများရဲ့ ထည့်ဝင်ငွေသက်သက်ဖြင့်သာ စတင်ဆောက်လုပ်ခဲ့ခြင်း ဖြစ်ပါတယ်။

ကြိုတင်အစပြု ဆောက်လုပ်ခဲ့ပြီးတော့ အစစအရာရာ ကိုယ့်အားကိုယ်ကိုး ထည့်ဝင်ဆောက်လုပ်ခဲ့ခြင်း ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ဆေးရုံ(၂)ရုံလုံးမှာ ပြည်သူထည့်ဝင်ငွေဟာ ခုချိန်မှာ သိန်းရာဂဏန်းရှိနေပြီးတဲ့နောက် ပြည်သူလည်း လက်ပန်းကျနေသလို ဆေးရုံကော်မတီများလည်း အချို့ဆိုရင် ထွက်ပြေးတဲ့အဆင့် ရောက်နေပြီ။ သူတို့လည်း မနိုင်တော့တဲ့ဝန်ကို ထမ်းနေရတာ ဖြစ်ပါတယ်။ ဒီနေရာမှာ တင်ပြချင်တာက အချို့ဒေသများမှာဆိုရင် တိုက်နယ်ဆေးရုံကျပြီးဆိုတာနဲ့ အမိန့်ကျတာနဲ့ တစ်ပြိုင်နက်တည်း အနောက်ကကပ်ပြီးတော့ ရန်ပုံငွေပါလာတာကို ကျွန်တော်တို့ တွေ့ရှိပါတယ်။ ရန်ပုံငွေဆိုတာလည်း သိန်းထောင်ဂဏန်း ဖြစ်ပါတယ်။

ဒီနေရာမှာ ကျွန်တော့်အနေနဲ့ ကလေးဆန်ဆန် သူကျတော့ မုန့်(၂)ခုရတယ်။ သားကျတော့ (၁)ခုပဲရတယ် စသည်ဖြင့် ကြေးတိုင်းတဲ့သဘော မပါဘဲနဲ့ ခရိုင်အတွင်းမှာရှိနေတဲ့ အခြားဆေးရုံ (၂)ခုဟာ သိန်း(၄)ထောင်လောက် ရပြီးတော့ ဒီဆေးရုံကျတော့ သိန်းရာဂဏန်း ပြည်သူက ထည့်ဝင်ထားတာကို ကျန်းမာရေးဌာနအနေနဲ့ လုပ်ငန်းပြီးအောင် စောင့်ရှောက်ပေးသင့်တယ်လို့ ပြည်သူက မြင်တဲ့အတွက်ကြောင့် တင်ပြခြင်း ဖြစ်ပါတယ်။ ဒီ Slide မှာ ကြံခင်းမြို့နယ်၊ ဆိပ်သာတိုက်နယ်ဆေးရုံ တင်ပြထားပါတယ်။ ထည့်ဝင်ငွေဟာ (၆၉၈၆၀၄၅၅)ကျပ်၊ သိန်း(၇၀၀) နီးပါးရှိနေပြီ ဖြစ်ပါတယ်။ ဒါ အဆောက်အဦပိုင်းသက်သက် ဖြစ်ပါတယ်။ အဆောက်အဦအပိုင်း အားလုံးပြီးပါတယ်။ ခွဲတမ်းခန်းပါ ပါတယ်။ ပရိဘောဂက ပြည်သူလှူတာရော၊ ဌာနကထောက်ပံ့တာရော အပြည့်အစုံ ရှိပါတယ်။ လိုအပ်ချက်ကတော့ ခွဲစိတ်ခန်းသုံးကိရိယာတွေ မရသေးပါဘူး။ အောက်စီဂျင်စက် မရသေးပါဘူး။ X-ray Unit မရသေးပါဘူး။ ခွဲစိတ်ခန်းသုံးမီး မရသေးဘူး။ ဝန်ထမ်းအိမ်ရာကို ကျွန်တော်တို့ ပံ့ပိုးနိုင်တဲ့အင်အားမရှိတော့ပါဘူး။ ဆရာဝန်အိမ်တော့ ဆောက်ပေးထားပါတယ်။ ကျွန်တော်တို့ လုပ်ငန်းလေးပြီးဖို့ လိုနေပါပြီ။

အလားတူပဲ ဒုတိယ Slide တစ်ခုဖြစ်တဲ့ မြန်အောင်တိုက်နယ်ဆေးရုံ၊ ရွှေကျင်တိုက်နယ်ဆေးရုံ၊ ရွှေကျင် ဆိုတာကလည်း ကမ်းနားက တိုက်နယ်တစ်ခု ဖြစ်ပါတယ်။ အကြိမ်ကြိမ် မြစ်ရေတိုက်စားတဲ့အတွက်ကြောင့်၊ ဘုရားကျောင်းကန်၊ စာသင်ကျောင်းများကို ပြောင်းရွှေ့ရတဲ့အတွက်ကြောင့် လူထုလည်း လက်ပန်းကျနေတဲ့ ဒေသဖြစ်ပါတယ်။ စတင်ဆောက်လုပ်တာကတော့ ၂၀၁၀ ကတည်းက ရတဲ့ပိုက်ဆံနဲ့ အုတ်မြစ်ချလိုက်၊ ဆောက်လိုက်၊ အလှူရှင်ရှိလိုက် ထည့်လိုက်နဲ့ ကျွန်တော်တို့ လက်ရှိဆိုရင်၊ ခွင့်ပြုပါခင်ဗျား။ ဂဏန်းတစ်လုံး မှားသွားပါတယ်။ (၇၂၁၁၁၅၅၂) ဖြစ်ပါတယ်။ (၇၂၁) သိန်းကျော် ဖြစ်ပါတယ်။ လက်ရှိ အဲဒီအပြင် သိန်း(၂၀၀)ပေးရန် တာဝန်ရှိပါတယ်။ ပေးရန်တာဝန်က ဘယ်သူ့ကို ပေးရမှာလဲဆိုတော့ ကျွန်တော်လည်း ဝန်ကြီးချုပ်ကိုပဲ တင်ပြတဲ့အခါမှာ ဝန်ကြီးချုပ်က အာမခံပေးတဲ့ အတွက်ကြောင့်မို့လို့ လုပ်ငန်းရှင်တစ်ယောက်ဆီက ကျွန်တော်တို့ ချေးထားရတာ

ဖြစ်ပါတယ်။ ဒါ ကျွန်တော်တို့ သိန်း(၉၀၀)ကျော် ပြည်သူမှာ တာဝန်ရှိထားတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပြီးစီးမှုအပိုင်းကတော့ RC နဲ့ ဆောက်တာဖြစ်လို့ အဆောက်အဦပိုင်း၊ လူနာဆောင် အားလုံးပြီးပါတယ်။ ခွဲစိတ်ခန်းလည်း ပြီးပါတယ်။ ဓာတ်မှန်ဆောင်လည်း ပြီးပါတယ်။ လူနာခုတင်၊ လော်ကာတွေ၊ ထော်လီတွေကိုလည်း နိုင်ငံတော်က ပံ့ပိုးထားတဲ့အတွက် ရှိနေပါတယ်။ တစ်ခါ ပြည်သူနဲ့ နိုင်ငံတော်(၅၀)စီ ထည့်ဝင်ထားတဲ့အတွက်ကြောင့် ခွဲစိတ်ခုတင် ရှိပါတယ်။ ခွဲစိတ်ခန်းသုံး မီးရှိပါတယ်။ X-ray Unit ရှိပါတယ်။ သားဖွားခန်းခုတင် ရှိပါတယ်။ လူနာထော်လီ ရှိပါတယ်။ လိုအပ်ချက်ကတော့ ဝန်ထမ်းအိမ်ရာ ဖြစ်ပါတယ်။ ဝန်ထမ်းအိမ်ရာကို ဆက်လက် ဆောင်ရွက်နိုင်တဲ့ အင်အားမရှိတော့ပါဘူး။

အလားတူ ဆေးသိုလှောင်ရန်အတွက် ရေခဲသေတ္တာနဲ့ မီးမရှိတဲ့ ဒေသဖြစ်တဲ့အတွက် Cool Change အတွက် Solar Unit လေးတော့ လိုမှာဖြစ်ပါတယ်။ ဝန်ထမ်းဟာ ဖွဲ့စည်းပုံအသစ် ဖြစ်တဲ့အတွက်ကြောင့် လက်ရှိတော့ ဆရာဝန်တစ်ယောက်တော့ ရှိပါတယ်။ အဲဒီမှာ လက်ထောက် ဆရာဝန်တစ်ယောက်၊ သူနာပြုဆရာမတစ်ယောက်၊ ဓာတ်ခွဲခန်း ကျွမ်းကျင်သူတစ်ယောက်၊ ဆေးစပ်ဆရာတစ်ယောက်၊ ဆေးထည့်တဲ့ ပုဂ္ဂိုလ်တစ်ယောက်နဲ့ အစောင့်တစ်ယောက်တော့ လိုမယ် ဆိုတာ ကျွန်တော်တွေ့ရပါတယ်။ ဒါကြောင့် အခုတင်ပြခဲ့တဲ့ ကြံခင်းမြို့နယ်နဲ့ ဆိပ်သာတိုက်နယ် ဆေးရုံ (၂)ရုံဟာ မြန်အောင်မြို့နယ်၊ ရွှေကျင်တိုက်နယ်ဆေးရုံတို့ဟာ ပြည်သူလူထုက စိတ်အား ထက်သန်စွာ စိုက်ထုတ်ထည့်ဝင်ခဲ့ပြီးမှ ရန်ပုံငွေ ပြတ်လပ်ခြင်း၊ ကြွေးတင်ခြင်းအထိ ဖြစ်နေတဲ့ အတွက်ကြောင့် ဝန်ကြီးဌာနမှ လုပ်ငန်းအပြီးသတ်နိုင်ရန်အတွက် လုပ်ငန်း လက်ကျန် ရန်ပုံငွေများ ချပေးရန်နှင့် လိုအပ်တဲ့ကိရိယာများ ထောက်ပံ့ပေးရန်ကိစ္စကို တင်ပြခြင်း ဖြစ်ပါတယ်။ ဘယ်ရွေ့ဘယ်မျှ ပေးပါဆိုတဲ့ဟာမျိုး မရှိပါဘူး။ ဌာနကကျွမ်းကျင်သူ အင်ဂျင်နီယာများနဲ့ ကွင်းဆင်း စစ်ဆေးပြီးတော့ လိုအပ်ချက်များကို ဖြည့်ဆည်းပေးဖို့ကိုသာလျှင် မဲဆန္ဒရှင် ပြည်သူများရဲ့ ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၁း၀၀။**

**ဒေါက်တာဖေသက်ခင် (ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာ အပေါင်းနဲ့ ခညောင်းပါစေလို့ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ ရခိုင်ပြည်နယ် အမှတ်(၁၀)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအုန်းတင် ရဲ့ ကြယ်ပွင့်ပြ မေးခွန်းကို ပြန်လည်ဖြေကြားပေးရမယ်ဆိုရင် ဒီ ကျောက်ဖြူခရိုင်၊ မာန်အောင်မြို့နယ် ပြည်သူ့ဆေးရုံ အမိုးနှင့် မျက်နှာကျက် အကြီးစားပြင်ဆင်မှုလုပ်ငန်းတွေကို ဆောင်ရွက်နိုင်ဖို့အတွက်ကို ၁၅-၇-၂၀၁၃ ရက်နေ့မှာ သာမန်အသုံးစရိတ်၊ ပြင်ဆင်ထိန်းသိမ်းစရိတ် ခေါင်းစဉ်အောက်ကနေ ရန်ပုံငွေကျပ် (၂၅၄.၇)သိန်းကို ရခိုင်ပြည်နယ် ကျန်းမာရေးဦးစီးဌာနကို ခွဲဝေချထားပေးခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီတော့

လူကြီးမင်းအနေနဲ့ ရခိုင်ပြည်နယ် ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးမှူးနဲ့ အစိုးရအဖွဲ့ကနေတစ်ဆင့် ဒီကိစ္စကလေးကို ဆက်လက်ပြီးတော့ ကူညီဆောင်ရွက်ပေးသွားပါလို့ ကျွန်တော့်အနေနဲ့ မေတ္တာရပ်ခံ လိုပါတယ်။ ရခိုင်ပြည်နယ် ကျန်းမာရေးဦးစီးဌာန၊ ရခိုင်ပြည်နယ် အစိုးရအဖွဲ့တို့ရဲ့ လမ်းညွှန်မှုနဲ့ မာန်အောင် ပြည်သူ့ဆေးရုံကြီး၏ အမိုးနှင့် မျက်နှာကျက်များအား အကြီးစားပြင်ဆင်နိုင်ရေးကို ဆောင်ရွက်လျက်ရှိကြောင်း ပြန်ကြားလိုပါတယ်။

နံပါတ်(၂)အချက်ကတော့ ဝန်ထမ်းများခန့်ထားတဲ့ အချက်ဖြစ်ပါတယ်။ ဒီမြို့နယ်ဖွဲ့စည်းပုံမှာ လက်ထောက်ဆရာဝန်၊ မြို့နယ်ဆရာဝန်ကတော့ရှိတယ်။ လက်ထောက်ဆရာဝန် (၄)ယောက်မှာ (၁)ယောက်ခန့်ထားတယ်။ အဲဒီတော့ (၃)ယောက်လိုနေပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီလက်ထောက် ဆရာဝန်ကတော့ ကျွန်တော်တို့ လက်ရှိမှာ လိုနေတာ တစ်ပြည်လုံးမှာ (၂၀၀၀)ကျော်လောက်၊ (၂၂၀၀)၊ (၂၃၀၀)လောက် ရှိတယ်။ အဲဒီအတွက်ကို လောလောဆယ် ပြီးခဲ့တဲ့တစ်ခေါက် စာမေးပွဲတုန်းက ဒီရေးဖြေတော့ အောင်ပြီးတော့ နှုတ်ဖြေမှာ၊ အင်တာဗျူးမှာ ကျခဲ့တဲ့သူတွေကို ပြန်စစ်တာမှာ အခု ဒီလအတွင်းမှာ၊ ဒီလကုန်ခါနီးမှာ ကျွန်တော်တို့ ဒီ(၅၀၀)နီးပါး၊ (၄၀၀)ကျော်ကို ကျွန်တော်တို့ ပြန်စစ်ပြီးတော့ အဲဒီအထဲကမှ ဆရာဝန် ထွက်လာပါမယ်။ နောက်ထပ်လည်း (၁၅၀၀) ကျွန်တော်တို့ ခေါ်ထားတာ ရှိပါတယ်။ (၁၅၀၀)ခေါ်ထားတာလည်း အယောက် ကျန်ခဲ့တဲ့၊ ပြီးခဲ့တဲ့ Supplementary အုပ်စုကို စစ်ပြီးသွားလို့ရှိရင် ကျွန်တော်တို့ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့က ကျွန်တော်တို့ ဆရာဝန်(၁၅၀၀) ခေါ်ထားတာ ရှိပါတယ်။ ဒါကလည်း အဲဒါပြီးတာနဲ့ စာမေးပွဲလျှောက်လွှာခေါ်၊ စာမေးပွဲစစ်၊ သင်တန်းပေး ဒါတွေ ကျွန်တော်တို့ ဆက်လုပ်သွားမှာ ဖြစ်ပါတယ်။ အဲဒီအခါမှာဆိုရင် တော့ ဒီနောက်ထပ် ဆရာဝန်လိုအပ်ချက်ကို အထိုက်အလျောက် ဖြည့်နိုင်မယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။

နောက်တစ်ချက်ကတော့ ဒီသွားဆရာဝန်ရှိတယ်။ သွားဘက်ဆိုင်ရာ သူနာပြု မရှိဘူးဆိုတာ၊ သွားဘက်ဆိုင်ရာ သူနာပြုက ယခင်က ဖွဲ့စည်းပုံအဟောင်းမှာ ရှိခဲ့တယ်။ သွားဘက်ဆိုင်ရာ သူနာပြု သင်တန်းက အခု မဖွင့်တာ ကြာသွားပြီ။ သင်တန်းကလည်း တစ်ယောက်မှ မတက်ကြဘူးဆိုတော့ သွားဘက်ဆိုင်ရာ သူနာပြုတွေဟာ ကျွန်တော်တို့ဆီမှာ အဲဒီ Generation ကုန်သွားပြီးကတည်းက၊ လွန်ခဲ့သော အနှစ်(၂၀)ကတည်းက ကုန်သွားပြီးကတည်းက သွားဘက်ဆိုင်ရာ သူနာပြုဆိုတာ မရှိတော့ပါဘူး။ အဲဒီတော့ ရှိတဲ့သူနာပြုတွေက တော်တော်ကို အသက်ကြီး ကုန်ကြပြီ။ ကျွန်တော်တို့ အခုလုပ်နေတဲ့ကိစ္စကတော့ ရိုးရိုး Sick Nursing ပေါ့နော်၊ သူနာပြုသင်တန်း၊ ဒီပလိုမာ(၃)နှစ်၊ ဒါမှမဟုတ် ဘွဲ့ (Bachelor) (၄)နှစ်သင်တန်းတွေ။ အဲဒါတွေပြီးလို့ရှိရင် ကျွန်တော်တို့ သွားဘက် ဆိုင်ရာသူနာပြု အထူးဘာသာရပ်အနေနဲ့ ဒီပလိုမာတက်လို့ ရပါတယ်။ ဒါပေမဲ့ အခုအချိန်အထိ သွားဘက်ဆိုင်ရာ သူနာပြုဒီပလိုမာကိုတက်တာ အလွန်နည်းနေတဲ့အတွက် တချို့နှစ်တွေဆို တစ်ယောက်မှ မတက်ဘူး။ အဲဒီတော့ သွားဘက်ဆိုင်ရာ သူနာပြုတွေ ခေါ်လို့မရဘူး ဖြစ်နေတယ်။

ဒီကိစ္စကို ကျွန်တော်တို့လည်း သိတဲ့အတွက်ကြောင့် ကျန်းမာရေးဦးစီးဌာနနဲ့ သွားဘက် ဆိုင်ရာ ဆေးတက္ကသိုလ်မှ ဆရာဝန်ကြီးများနဲ့ ညှိနှိုင်းပြီးတော့ ဘယ်လိုဆောင်ရွက်ရင်ကောင်းမလဲ ကျွန်တော်တို့ အကြံဉာဏ်များ ရယူဆောင်ရွက်နေပါတယ်ဆိုတဲ့အကြောင်း၊ ဒီအရင်လိုပဲ Dental Nurse ကို တိုက်ရိုက်ပြန်ဖွင့်ရင် ကောင်းမလား၊ ဒါကျွန်တော်တို့လည်း၊ အရင်ကလည်း တိုက်ရိုက်ဖွင့်

တော့ လျှောက်တဲ့သူ၊ တက်တဲ့သူ ရှိတယ်။ အခုကတော့ ရိုးရိုး Nursing ဆင်းပြီးတော့မှ Speciality အနေနဲ့ သွားဆိုတော့ သိပ်မသွားကြတော့ဘူး။ ဒါတစ်ချက်ပါ။ တိုက်နယ်ဆရာဝန်မှာလည်း ဒီလိုပါပဲ၊ တိုက်နယ်ဆရာဝန်ကိုလည်း ဒီ(၄၀၀)ကျတဲ့အခါမှာ ဒီအသစ်ကလေး(၄၀၀)ကတော့ ချက်ချင်း တာဝန်ပေးပြီးတော့ နယ်တွေမှာထားဖို့၊ Independent ပေးလို့ မဖြစ်သေးတဲ့အတွက် ကျွန်တော်တို့ အသစ်ခန့်တဲ့သူတွေကို ကျွန်တော်တို့တွေက ဆေးရုံကြီးတွေမှာ၊ ဆရာဝန်ကြီးတွေရဲ့ လက်အောက်မှာ (၂)နှစ်၊ တစ်နှစ်ခွဲ၊ နှစ်နှစ်လောက် လေ့ကျင့်ပြီးတဲ့အခါမှာ ပို့ပါတယ်။ အဲဒီအချိန်မှာ သူတို့အရင် ရောက်နှင့်ပြီးတဲ့ ၂၀၀၉တို့၊ ဘာတို့က ခန့်ထားတဲ့ ဆရာဝန်တွေကို ကျွန်တော်တို့ ပြန်ပို့ပေးပါမယ်။ အဲဒီအခါကျရင်တော့ ရသွားမှာပါ။ သစ်ပုံဆေးရုံမှာ ဆေးစပ်ဆရာဆိုတာကလည်းပဲ၊ ဆေးစပ်ဆရာ ဆိုတဲ့ ရာထူးကလည်းပဲ အခုအချိန်မှာ တစ်ချိန်တုန်းက Compunder ဆိုတာ ရှိခဲ့ပေမယ့် အခုအချိန်မှာ ဆေးလည်းစပ်စရာဆိုတာ မရှိတော့ပါဘူး။ ဒီအရည်တွေ စပ်ပြီးရောင်းတဲ့ ခေတ်လည်း မဟုတ်တော့ပါဘူး။

ဖော်စပ်ပြီးသား ဆေးတွေ ဒါ Syrup ဆိုလည်း Syrup၊ Tablet ဆိုတာ Tablet Form နဲ့ လာတဲ့အတွက် ဒီရာထူးက မရှိတော့တဲ့အတွက် ဒီဟာကတော့ ကျွန်တော်တို့ ဆေးစပ်ဆရာကတော့ ထပ်ပြီးတော့ ခန့်ထားပေးနိုင်စရာအကြောင်း မရှိဘူး။ ခေတ်မမီတော့ဘူးပေ့ါ၊ သူ့အစား ကျွန်တော်တို့က PH Check - 2 လို့ ခေါ်တဲ့ ကျန်းမာရေးကြီးကြပ်(၂) ဆိုတဲ့ဟာ ဒါ သင်တန်း၊ ကျန်းမာရေးကြီးကြပ်(၂) ဆိုတဲ့ဟာကတော့ သူတို့ ဒီ ပြည်သူ့ကျန်းမာရေးလုပ်ငန်းတွေ၊ ဒါတွေလုပ်ဖို့၊ ဆေးလည်း စပ်စရာ မလိုတော့တဲ့အတွက် ဒါကိုတော့ ကျွန်တော်တို့ သင်တန်းပေးပြီးတော့ ခန့်ထားနေပါတယ်။ အဲဒါကတော့ ရရင်တော့ အလုံအလောက်တော့ မရှိနိုင်သေးဘူးပေ့ါလေ၊ ဒါရတဲ့အခါ ရသလောက် ဦးစားပေးအစီအစဉ်နဲ့ ကျွန်တော်တို့ ခန့်ထားပေးလျက် ရှိပါတယ်။ ဝမ်းဆွဲဆရာမကတော့ ဆေးခန်း မရှိတဲ့နေရာတွေ၊ ဟိုအရင်တုန်းကတော့ ဟုတ်ပါတယ်။ ကျွန်တော်တို့က ဒီ ကျေးလက်ကျန်းမာရေးဌာန တစ်ခုမှာ ဌာနခွဲ(၅)ခု ထားတယ်။ အဲဒီမှာသဘောတူညီချက်က တစ်ချိန်က ကျွန်တော်တို့ ငယ်ငယ်တုန်းကရှိခဲ့တာ ဟို ဒီ ပညာရေးဝန်ကြီးဌာနက ဆရာတွေခန့်သလိုပဲ၊ ဆရာပေးမယ် အဆောက်အအုံကို ရွာကဆောက်ပေး၊ ဒေသကဆောက်ပေး၊ ဒီလိုမျိုးရှိခဲ့တယ်။ ကျွန်တော်တို့ ငယ်ငယ်တုန်းကလည်း ဒီလိုပဲ သားဖွားဆရာမ ပေးမယ်၊ အဲဒီဟာကိုဒေသကနေပြီးတော့ နေစရာရှာပေး၊ ဒီလို သဘောတူညီချက်ရှိခဲ့ပေမယ့် ခေတ်ကာလရွေ့လျောလာတော့ ခုအချိန်မှာ ကျွန်တော်တို့က ဒီ သားဖွားဆရာမ ထားတဲ့နေရာကို ကျွန်တော်တို့က ကျေးလက်ကျန်းမာရေးဌာနခွဲလို့ ခေါ်တာပေ့ါ။ အခု နောက်ပိုင်း ဖွဲ့စည်းပုံတွေမှာတော့ ဖွဲ့စည်းပုံကျတာနဲ့ တစ်ပြိုင်နက်တည်း အဆောက်အအုံပါ၊ တစ်ခါတည်း မွေးခန်းလေးရော တစ်ခါတည်း ပါလာတယ်။ ဟိုးအရင်တုန်းက ဖွဲ့စည်းပုံကျထားတဲ့ ဟာတွေမှာတော့ သူတို့က အဲဒီတုန်းက နားလည်မှုအရ ကိုယ့်ကဆရာမပေးမယ်၊ ဒေသက အဆောက်အအုံပေးဆိုတာ ဒါ ဆောက်ခဲ့တာမရှိဘူး။ ကျွန်တော်တို့ အဟောင်းတွေ အများကြီးပဲ လိုက်ဆောက်ရမယ့်ပုံရှိပါတယ်။ ဆိုတော့ ဒါလေးတွေလည်း ကျွန်တော် ပြန်ပြီးတော့ ကြည့်ပေးပါ့မယ်။ ဒီ ဆေးခန်းမရှိလည်း ဆရာဝန်မရှိပြီးတော့ ဆေးခန်းမရှိတဲ့ဟာတွေက ဗမာပြည်မှာ ကျွန်တော် ထင်ပါတယ်။ ရာဂဏန်း၊ ထောင်ဂဏန်း ရှိနိုင်ပါတယ်။ တစ်ချိန်တုန်းက Agreement နဲ့ လုပ်ခဲ့ကြတယ်။ ဒါလေးလည်း ကျွန်တော် ပြန်ကြည့်ပေးမှာဘဲ ဖြစ်ပါတယ်။ ဒီ ဘဏ္ဍာငွေ ခွင့်ပြုချက်အရ ရရင်ရသလို ဦးစားပေးအစီအစဉ်အရ ဆက်လက်ဆောင်ရွက်ပေးသွားမယ်ဆိုတဲ့အကြောင်း ဖြေကြားလိုပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့ ဒီ ရှမ်းပြည်နယ် အမှတ်(၁၀)မဲဆန္ဒနယ် အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းကျော် ရဲ့ မေးခွန်းကို ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော် ကြည့်လိုက်တဲ့အခါကျတော့ တကယ်လည်း ဟုတ်ပါတယ်။ ဆေးရုံကောင်းကောင်း ဆောက်ထားပြီးတဲ့ အနောက်ဘက်က မြေပြိုနေတာ၊ ကျွန်တော်တို့အနေနဲ့ အရှည်တည်တံ့ခိုင်မြဲစေရေး အတွက်ကို အနောက်ဘက်ဖို့မြေကို အချိန်မီတားဆီးဖို့ ကျန်းမာရေးဝန်ကြီးဌာနကနေပြီးတော့ ကျွန်တော်တို့ အခု အချိန်မှာ ခုန ဒီ သာမန်အသုံးစရိတ်၊ ပြင်ဆင်ထိန်းသိမ်း အသုံးစရိတ်ထဲကနေလည်း ချထားပေးမှာ ဖြစ်တဲ့အပြင် ကြည့်လိုက်တဲ့အခါကျတော့ တော်တော်များနေတဲ့အတွက် ကျွန်တော်တို့ R.E မှာ ထပ်တောင်းမှ အဆင်ပြေလိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ ထင်ပါတယ်။ ၂၀၁၃-၁၄ မှာ ဘဏ္ဍာရေး ဖြည့်စွက်ရန်ပုံငွေမှာ အဆိုပြုတင်ထားပေးပါ့မယ်။ လောလောဆယ်လည်း ကျွန်တော်တို့ ကျန်းမာရေးဦးစီးဌာနရဲ့ ပြင်ဆင်ထိန်းသိမ်းစရိတ်ထဲက ထုတ်ပေးမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ ကြည့်လိုက်တဲ့ အခါကျတော့ ကျွန်တော်တို့ ဒါက လက်ပူတိုက်လို့ရတဲ့ ကိစ္စမဟုတ်ဘဲနဲ့ အသေအချာ ပညာရှင်နဲ့ လုပ်ရမယ့်ကိစ္စဖြစ်နေတဲ့အတွက်ကြောင့်မို့လို့ ဒီဥစ္စာကိုပညာရှင်များနဲ့တွက်ချက်ပြီးတော့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ရော၊ ဒီ ပလောင်အထူး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအစိုးရအဖွဲ့နဲ့ရော ညှိနှိုင်းပြီးတော့ ဆက်လက် ဆောင်ရွက်ပေးသွားမည် ဖြစ်တဲ့အကြောင်း ဖြေကြားလိုပါတယ်။

နောက်ဆုံးတစ်ခုကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ရီ ရဲ့ ကြယ်ပွင့်ပြမေးခွန်းကို ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့နယ်၊ ဆိပ်သာတိုက်နယ်ဆေးရုံနဲ့ မြန်အောင်မြို့နယ်၊ ရွှေကျင် တိုက်နယ်ဆေးရုံများ အပြီးသတ်ဆောက်လုပ်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီး ဌာနကနေ ၁၄-၁၅ ဘဏ္ဍာရေးနှစ်မှာ အဆိုပြုရန်ပုံငွေနဲ့ ဆက်လက် ဆောက်လုပ်ဆောင်ရွက်ပေး သွားမှာဖြစ်ပါတယ်။ အဲဒီနေရာမှာ ကျွန်တော် တစ်ချက်ကလေးပြောလိုတာ ဒီ အရင်တုန်းက ကျွန်တော်တို့ ဖွဲ့စည်းပုံ၊ သူတို့ လုပ်ထုံးလုပ်နည်းကတော့ ပထမ ကျွန်တော်တို့က လိုအပ်ချက်နဲ့ ကိုက်ညီသလား Criteria ကို စစ်တယ်။ Criteria ကိုက်ညီတယ်ဆိုရင် ကျွန်တော်တို့က ဖွဲ့စည်းပုံ တင်တယ်။ ဖွဲ့စည်းပုံ ကျတဲ့အခါမှာ ကျွန်တော်တို့က ဘတ်ဂျက်တင်တောင်းပြီး၊ ဘတ်ဂျက်ရတဲ့အခါ ကျတော့ ဆောက်ပါတယ်။ ဒါပေမဲ့ ဖြစ်ခဲ့ကြတဲ့ကိစ္စတွေမှာ တစ်ခါတလေကျတော့ ဖွဲ့စည်းပုံတင်နေပြီ ဆိုတဲ့အချိန်မှာ ပြည်သူလူထုကနေပြီးတော့ ထည့်ဝင်ပြီးတော့ ဆောက်လုပ်ပါတယ်။ ဆောက်လုပ်ပြီး တော့ ပြီးသွားတာလည်းရှိတယ်။ အခုလို မပြီးတာတွေလည်း ရှိတယ်ပေါ့။

အဲဒီတော့ ကျွန်တော်တို့အနေနဲ့က ဦးခင်မောင်ရီ ပြောတာလည်းမှန်ပါတယ်။ ကျွန်တော်တို့ အခု လက်ရှိ အစိုးရလက်ထက်မှာ တိုက်နယ်ဆေးရုံ ဖွဲ့စည်းပုံကျပြီဆို ကျွန်တော်တို့ ခွင့်ပြုဘဏ္ဍာ ငွေဟာ သိန်း(၄၀၀၀) ဖြစ်ပါတယ်။ ဒါကြောင့် အသစ်ဖွဲ့စည်းပုံ ကျတာတွေဟာ ဒီ ကျွန်တော်တို့ အဆောက်အအုံပုံစံနဲ့တကွ သိန်း(၄၀၀၀)ပါ တစ်ခါတည်း ပြည်နယ်နဲ့တိုင်း အစိုးရကြီးတွေကို ခွဲပေး လိုက်ပြီးတော့၊ အဲဒီကနေ တင်ဒါခေါ်ပြီးတော့ ဆောက်တယ်။ လက်ရှိစနစ်က ဒီလိုပါ၊ ကျွန်တော်တို့ တင်ဒါ မခေါ်ပါဘူး။ ကျွန်တော်တို့က တိုက်နယ်ဆေးရုံ ဖွဲ့စည်းပုံကျပြီ၊ ဘတ်ဂျက်ကျပြီ ဆိုတာနဲ့ သက်ဆိုင်ရာ ပြည်နယ်နဲ့ တိုင်းဒေသကြီးကို ဒီ သိန်း(၄၀၀၀)ပေးပြီးတော့ သက်ဆိုင်ရာ ပြည်နယ်နဲ့ တိုင်းဒေသကြီး အစီအစဉ်နဲ့ ကျွန်တော်တို့ ဒီ ဆောက်လုပ်ရေးလုပ်ငန်းတွေကို လုပ်ပါတယ်။ ဒီအခါမှာ

ခုနလို ပြည်သူလူထုက စိုက်ပြီးတော့ ဆောက်ထားတဲ့ဟာတွေမှာ တစ်ဝက်တစ်ပျက် ပြီးနေတဲ့ဟာတွေကိုကျတော့ ကျွန်တော်တို့က တင်ဒါ ခေါ်မယ်ဆိုတဲ့အခါကျတော့ တင်ဒါခေါ်လိုက်ရင် တင်ဒါကိုတင်တဲ့အခါ ကျလို့ရှိရင် အဲဒီ ဆက်ပြီးတော့ ဆောက်နေဆဲလုပ်ငန်းရှင်က ရမလား၊ နောက်လူရမလား ဘယ်လိုမှ ကျွန်တော်တို့က မပြောနိုင်ဘူး ဖြစ်နေတယ်။ ဆိုတော့ အဲဒီကိစ္စတွေ ဖြစ်လာတဲ့အခါကျတော့ တစ်ခါတလေကျတော့ တင်ဒါ ရတဲ့လူက တစ်ယောက်၊ ဆောက်လုပ်ဆဲဖြစ်နေတဲ့ လူက တစ်ယောက် ဖြစ်နေတဲ့အခါကျတော့ တကယ်လက်တွေ့ မြေပြင်မှာလုပ်ရတဲ့ အခါကျတော့ အခက်အခဲတွေ ဖြစ်လာတယ်။

ဒါကို သက်ဆိုင်ရာတိုင်းဒေသကြီး အစိုးရအဖွဲ့နဲ့ ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီး ဌာနရော၊ ရပ်မိရပ်ဖတွေရော ကျွန်တော်တို့က ခုချိန်မှာတော့ နိုင်ငံတော်သမ္မတကြီးရဲ့ လမ်းညွှန်ချက်ကို တောင်းပြီး ကွင်းဆင်းပြီးတော့ စစ်ပါတယ်။ စစ်တဲ့အခါမှာ တကယ်လက်ခံ နိုင်ဖွယ်ရာ အတိုင်းအတာ ရှိတယ်ဆိုရင်တော့ ဆောက်လုပ်ဆဲ လူကိုပဲ ဆက်ပြီးတော့ တာဝန်ပေးဖို့ ဒါမှသာ နှစ်ဦးနှစ်ဖက် အဆင်ပြေမယ်။ နောက်လူ ရသွားတဲ့အခါကျလည်း ပိုက်ဆံပြန်အမ်းရလည်း အခက်၊ မအမ်းရလည်း အခက် ဆောက်လက်စပုံစံကလည်း ကျန်းမာရေးဝန်ကြီးဌာန သတ်မှတ်ထားတဲ့ စံချိန်စံညွှန်းနဲ့ ကိုက်ညီတဲ့ အဆောက်အအုံ မဟုတ်ရင် ဒါကို လက်ခံရလည်း အခက်၊ လက်မခံရလည်း အခက် ဒီလို ပြဿနာလေးတွေကတော့ လက်တွေ့မှာ ရှိပါတယ်။ တစ်ဝက်တစ်ပျက် ဆောက်လုပ်ပြီးတော့ တစ်ဝက်တစ်ပျက် ကျခံထားတာတွေကို ကျွန်တော်တို့က တစ်ဝက်တစ်ပျက် ပိုက်ဆံပေးလို့ကလည်း မရတော့ တိုက်နယ်ဆေးရုံ ဘတ်ဂျက်ကျပြီဆို (၄၀၀၀) တစ်ခါတည်း ထွက်လာတယ်။ ထွက်လာလည်း ထွက်လာရော တစ်ဝက်က (၂၀၀၀)ဖိုးတို့၊ (၁၅၀၀)ဖိုးတို့ အခု ဒီမှာလည်း ဆောက်လုပ်ပြီးသား၊ တစ်ဝက်တစ်ပျက် ဆောက်လုပ်ပြီးသားတွေရှိတယ်။

ဒါတွေကို ဘယ်လိုအဆင်ပြေအောင် လုပ်မယ်ဆိုတာတော့ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ် အနေနဲ့ရော အစိုးရအဖွဲ့ အနေနဲ့ရော ကျန်းမာရေးဝန်ကြီးဌာနရဲ့ တိုင်းကျန်းမာရေး ဦးစီးဌာနမှူးတို့အနေနဲ့ တိုင်ပင်ညှိနှိုင်းပြီးတော့ အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်သွားကြဖို့ပဲ ကျွန်တော့်အနေနဲ့ မေတ္တာရပ်ခံချင်ပါတယ်။ အဲဒီတော့ နောက်တစ်ခုကတော့ ဆေးရုံသုံးပစ္စည်းတွေပါ။ ဆေးရုံသုံးပစ္စည်းတွေမှာ ပုံမှန်တောင်းခံတာ ကျွန်တော်တို့က ရှိပြီးသားပါ။ ပုံစံလည်း ရှိပြီးသားဖြစ်ပါတယ်။ အဲဒီတော့ တိုက်နယ်ဆေးရုံဆိုလည်း တိုက်နယ်ဆေးရုံ အတိုင်းအတာနဲ့ သူ့မှာ ခွင့်ပြုထားတဲ့ ပစ္စည်းစာရင်းရှိပါတယ်။ အဲဒီမှာ လိုအပ်ချက်ရှိလို့ရှိရင် သတ်မှတ်ပုံစံတွေမှာ ဖြည့်စွက်ပြီးတော့ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးကနေတစ်ဆင့် တိုင်းဦးစီးကို တင်တယ်။ တိုင်းဦးစီးမှူးက ကျွန်တော်တို့ ကျန်းမာရေးဦးစီးဌာနကို ရောက်လာလို့ရှိရင် ကျွန်တော်တို့က စိစစ်တောင်းခံပေးလျက် ရှိပါတယ်။ ဒါကြောင့် ဒီစာရတဲ့အချိန်မှာ ကျွန်တော်တို့အနေနဲ့၊ ကျန်းမာရေးဦးစီးဌာနအနေနဲ့ ဧရာဝတီတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူးကို ၁၆ ရက်၊ ၇ လ ရက်စွဲပါစာနဲ့ ဘာတွေလိုလဲ ဆိုတော့ သွားကြည့်ပြီးတော့ ဒီအခြေအနေအတိုင်း တင်ပြတောင်းခံဖို့ အဲဒီ တင်ပြတောင်းခံလာရင် စိစစ်ထောက်ပံ့ပေးသွားမည်ဖြစ်တဲ့အကြောင်း ဖြေကြားလိုပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။

**အချိန်၊ ၁၁း၁၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်(၂)ဦးက မေးမြန်းတဲ့ မေးခွန်းတွေဟာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့နယ်၊ နတ်တလင်းမြို့နယ်နှင့် မိုးညိုမြို့နယ်များရှိ လယ်စိုက်ဧက စုစုပေါင်း (၉၀၇၁)ဧကကို ဆည်ရေသောက်ဧရိယာအဖြစ် သတ်မှတ်ဆောင်ရွက် ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၁း၁၂။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးထွန်းဇော်(ခ) ကိုပေါက် က ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတည်မြို့နယ်၊ နတ်တလင်းမြို့နယ်နှင့် မိုးညိုမြို့နယ်များရှိ လယ်စိုက်ဧက စုစုပေါင်း (၉၀၇၁)ဧကကို ဆည်ရေသောက်ဧရိယာအဖြစ် သတ်မှတ်ဆောင်ရွက် ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၂။**

**ဦးထွန်းဇော်(ခ)ကိုပေါက်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ သက်ဆိုင်ရာ အစိုးရအဖွဲ့ဝင် ဒုတိယဝန်ကြီးများ ဧည့်သည်တော်များခင်ဗျား။ မင်္ဂလာပါလို့ ဦးစွာ ပထမ နှုတ်ခွန်းဆက် ဂါရဝပြုပါတယ်။ ပဲခူးတိုင်းဒေသကြီး အနောက်ဘက်မှာရှိတဲ့ ပေါင်းတည်မြို့နယ်၊ နတ်တလင်းမြို့နယ်၊ မိုးညိုမြို့နယ်တို့ကို ဖြတ်သန်းစီးဆင်းတဲ့ ရွှေလေးချောင်း ဆိုတာ ရှိပါတယ်။ အဲဒီ ရွှေလေးချောင်းရဲ့ ပတ်ဝန်းကျင်မှာရှိတဲ့ လယ်ဧက(၉၀၇၁)ဧကကို ဆည်ရေသောက် ဧရိယာအဖြစ် သတ်မှတ်ပေးနိုင်ဖို့ကို သက်ဆိုင်ရာသို့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး မှတစ်ဆင့် ဒေသခံလယ်သမားများရဲ့ကိုယ်စား မေးမြန်းရခြင်း ဖြစ်ပါတယ်။

ပေါင်းတည်မြို့နယ်မှာ ကျွန်တော်တို့ ဝဲကြီးဆည်ဆိုတာ ရှိပါတယ်။ အဲဒီဝဲကြီးဆည်ကနေမှ ဝဲကြီးဆည်က ပို့တဲ့ ရေပိုလွှဲကို ရေထုတ်ချတဲ့အခါမှာ အဲဒီ ရွှေလေးချောင်းကို ချပေးတယ်။ အဲဒီ ရွှေလေးချောင်းကနေမှ စီးဆင်းတဲ့အခါ နောက်ဆုံး မိုးညိုမြို့နယ်ထိ ရောက်ရှိပါတယ်။ အဲဒီတော့ လယ်သမားတွေက သူ စိုက်ချိန်ရောက်လာပြီဆိုရင် မိုးရာသီရောက်လို့ စပါးစိုက်ပျိုးချိန် ရောက်ပြီဆိုရင်တော့ အောက်ခြေမှာရှိတဲ့ မိုးညိုမြို့နယ်က လယ်သမားတွေက ကျွန်တော်တို့ နတ်တလင်းမြို့နယ်နဲ့ လာရောက်ပြီး ညှိနှိုင်းပါတယ်။ နောက် နတ်တလင်းကလည်း အထက်မှာရှိတဲ့ ပေါင်းတည်မြို့နယ်က လယ်သမားတွေနဲ့ သွားရောက်ညှိနှိုင်းပါတယ်။ အဲဒီလို ညှိနှိုင်းပြီးတဲ့အခါ သူတို့ချည်း သွားတဲ့အခါကျတော့ တစ်ခါတလေမှာ အချင်းများကြတာတွေ ရှိပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့ဝင်တွေ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေပါ လိုက်လံပြီးမှ အားလုံး နှစ်ဦးနှစ်ဖက် ပြေလည်အောင် ရှင်းရတာ နှစ်စဉ်ပါပဲ။ အဲဒီတော့ အခုလက်ရှိအနေအထား ကလည်းပဲ စိုက်ပျိုးချိန်ဖြစ်တဲ့အတွက် ခုဆိုရင်လည်းပဲ အောက်ဘက်မှာဖြစ်တဲ့ မိုးညိုမြို့နယ်

ဆိုလို့ရှိရင် စိုက်ဧက(၁၈၀၀)လောက်မှာ (၁၀၀၀)ကျော်လောက် မစိုက်ရသေးပါဘူး။ ဒီချောင်းရေကိုသာ အဓိကထားပြီး အားကိုးနေရတဲ့ မြို့နယ်လည်း ဖြစ်ပါတယ်။

အဲဒီတော့ ကျွန်တော်တို့ အထက်ဘက်မှာရှိတဲ့ လယ်သမားတွေကတော့ ဥစ္စာရင်လို ဥစ္စာရင်ခဲပဲ။ ဒီရွှေလေးချောင်းကို ကိုယ်ပိုင်မြေသားတမံတွေ တုတ်ပြီးမှ ရေကိုတားယူပြီး သုံးစွဲကြတာလည်း ဖြစ်ပါတယ်။ အဲဒီတော့ မြေသားတမံတွေ တုတ်ပြီး ရေယူနေတဲ့အတွက် အောက်ခြေကိုတော်တော် နဲ့လည်း မိုးညိုမြို့နယ်ဘက်ကိုလည်း ရေလည်း မရောက်ရှိပါဘူး။ ဒါကြောင့် နှစ်စဉ်ဒီပြဿနာတွေ ကြုံတွေ့နေရပါတယ်။ လယ်သမားတွေက နှစ်စဉ်ကြုံတွေ့နေရပါတယ်။ ဒီလယ်သမားတွေ အဲဒီတော့ (၉၀၇၁)ဧကသော ဆည်ရေသောက်ဧရိယာအဖြစ် သတ်မှတ်ပေးလိုက်ရင် ဒီအခက်အခဲတွေကို ကြုံတွေ့မှာ မဟုတ်တော့ပါဘူး။ ဒါကြောင့် ရေခွန်လည်း ပေးဆောင်ပါ့မယ်၊ သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ ဆည်ရေသောက်ဧရိယာအဖြစ်သာ သတ်မှတ်ပေးလိုက်ရင် ဒီဒုက္ခတွေ ကင်းဝေးပါမယ်။ ဒါကြောင့် တောင်သူလယ်သမားတွေရဲ့ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ တင်ပြမေးမြန်း ရခြင်း ဖြစ်ပါတယ်။

**မယ်စဲ့မြို့နယ်အတွင်းရှိဆည်များကို ရေရှည်အကျိုးပြုနိုင်ရန် ဒေသပထဝီအနေအထားအရ သတ်မှတ်စံညွှန်းနှင့်အညီ ကျောက်စီကွန်ကရစ် ရေလွှဲဆည်များအဖြစ် ပြန်လည်စိစစ် တည်ဆောက်ပေးရန်နှင့် နိုင်ငံတော်မှ ငွေကြေးအကုန်အကျခံ တည်ဆောက်ပေးထားသော အကျိုးပြုမှု မရှိသေးသည့် ဟိုစဲ့ဆည်နှင့် မယ်စဲ့မြို့အဝင် ဆည်(၂)ခုတို့ကို ပြည်သူများ အကျိုးပြုစေမည့် လုပ်ငန်းတစ်ရပ်စီဆောင်ရွက်ပေးရန်အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၁း၁၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးနှင်းဝေ က မယ်စဲ့မြို့နယ်အတွင်းရှိ ဆည်များကိုရေရှည်အကျိုးပြုနိုင်ရန်ဒေသပထဝီအနေအထားအရ သတ်မှတ်စံညွှန်းနှင့်အညီ ကျောက်စီကွန်ကရစ် ရေလွှဲဆည်များအဖြစ် ပြန်လည်စိစစ်တည်ဆောက်ပေးရန်နှင့် နိုင်ငံတော်မှ ငွေကြေးအကုန်အကျခံ တည်ဆောက်ပေးထားသော အကျိုးပြုမှု မရှိသေးသည့် ဟိုစဲ့ဆည်နှင့် မယ်စဲ့မြို့အဝင် ဆည်(၂)ခုတို့ကို ပြည်သူများ အကျိုးပြုစေမည့် လုပ်ငန်းတစ်ရပ်စီဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၅။**

**ဦးနှင်းဝေ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ဖိတ်ကြားထားသော ဧည့်သည်တော်များ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနှင်းဝေ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ မေးခွန်းနဲ့စပ်လျဉ်းပြီး အကျယ်တဝင့် မဖော်ပြတော့ဘဲ အဓိကလိုအပ်ချက်များကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြသွားမှာ ဖြစ်ပါတယ်။ ဒေသဖွံ့ဖြိုးရေးကို အခြေခံပြီး ကယားပြည်နယ် မယ်စဲ့မြို့နယ်အတွင်း အကျယ်ပေ(၈၀)အောက် မြေသား ရေလွှဲဆည်(၇)ခု အကျယ်ပေ(၁၅၀) အထက် ဟိုစဲ့ကွန်ကရစ်တမံ

ရေလွှဲဆည်နဲ့ မယ်စဲ့မြို့အဝင် မြေသားကျောက်စီတမံဆည်တို့ကို နိုင်ငံတော်မှ အကုန်အကျခံ တည်ဆောက် ပေးခဲ့ပါတယ်။

ပထမမေးခွန်းအနေနဲ့ ပေ(၈၀)အောက် ရေလွှဲဆည် (၇)ခုမှာ နန်းမန်းဆည်၊ နန်းပိန်းလိန်ဆည်၊ နန်းဟူးဆည်၊ မယ်ဆည်နန်ဆည်၊ ဝမ်ကန်ဆည်၊ ပန်တိန်းဆည်၊ ဟိုဂျစ်(နတ်ကုန်း)ဆည်များ ဖြစ်ကြပြီးတော့မှ ၎င်းဆည်များဟာ ရိုးရိုးမြေတားတမံများသာ ဖြစ်ကြပါတယ်။ ပုံမှန်ရေ အရင်းအမြစ်များ ထွက်ရှိရာ နေရာများမှာ တည်ဆောက်ထားခြင်းလည်း ဖြစ်ပါတယ်။ ပန်တိန်းရေလွှဲဆည် တစ်ခုက လွဲပြီး ကျန်တဲ့ ရေလွှဲဆည်များဟာ အမှန်တကယ် အကျိုးပြုတာကို လေ့လာတွေ့ရှိရပါတယ်။ ဥပမာ နန်းမန်းဆည်ဟာ ၁၉၉၂ မှာ တည်ဆောက်ခဲ့ပြီး ဆည်ရေသောက်ဧက (၃၀၀)ကို အကျိုးပြုခဲ့ပါတယ်။ မြေသားတမံအမျိုးအစားဖြစ်တာကြောင့် မိုးတွင်းကာလမှာ ရေတိုက်စားပြီး ပျက်စီးသွားခဲ့ပါတယ်။ ဆိုလိုချင်တာကတော့ မယ်စဲ့မြို့နယ်အတွင်းမှာ ဆည်များ တည်ဆောက်ပေးပါက ပထဝီအနေအထား အရ မြေသားတမံနဲ့ မဖြစ်နိုင်ကြောင်း ကျွန်တော့်အနေနဲ့ သုံးသပ်တင်ပြရခြင်း ဖြစ်ပါတယ်။ ဒါကြောင့် မယ်စဲ့မြို့နယ်အတွင်းရှိ အကျယ်ပေ(၈၀)အောက် ရေလွှဲဆည်များကို ရေရှည်အကျိုးပြုနိုင်ဖို့ ဒေသ ပထဝီအနေအထားအရ သတ်မှတ်စံညွှန်းနှင့်အညီ ကျောက်စီကွန်ကရစ် ရေလွှဲဆည် ပြန်လည် တည်ဆောက်ပေးရန် အစီအစဉ် ရှိ / မရှိ ဆိုတဲ့ ပထမအချက်အနေနဲ့ တင်ပြလိုပါတယ်။

ဒုတိယမေးခွန်းအနေနဲ့ ပေ(၁၅၀) အထက်ရှိ ဟိုစဲ့ဆည်ကို ၂၀၁၀-၂၀၁၁ န.တ.လ ရန်ပုံငွေ ကျပ်(၂၆၉၆)သိန်းနဲ့ တမံအလျားပေ (၂၀၀)ပေ၊ အမြင့် (၄၀)ပေ၊ ရေလွှဲမြောင်း (၅၀၀)ပေ တည်ဆောက်ပေးခဲ့ပါတယ်။ ၎င်းဆည် တည်ဆောက်ကာလပြီးသွားပါက ဆည်ရေသောက်ဧက (၁၀၀၀) ကျေးရွာ ရေဖြန့်ဖြူးပေးဝေနိုင်မှုနှင့် ရေအားလျှပ်စစ်ပါ ရရှိနိုင်မယ်လို့ သိရှိရပါတယ်။ ဒါပေမဲ့ ဟိုစဲ့ဆည် တည်ဆောက်ပြီးသွားပေမယ့် ယနေ့အချိန်အထိ ပြည်သူများ အကျိုးပြုပေးနိုင်မှု မရရှိခဲ့ ပါဘူး။ မယ်စဲ့ဆည်ကို မယ်စဲ့မြို့ရေပေးဝေရေး ရေထွက်ပေါက် အရင်းအမြစ်ကို အခြေခံပြီး တည်ဆောက်ထားပါတယ်။ ၂၀၀၂ ခုနှစ်မှာ ဆည်မြောင်းရန်ပုံငွေနဲ့ တည်ဆောက်ခဲ့ကြောင်း လေ့လာ တွေ့ရှိရပါတယ်။ ၎င်းဆည်ဟာ ပုံမှန်ရေနေမှု မရှိခြင်းကြောင့်ပြည်သူ့အတွက် အကျိုးပြုမှု မရရှိခဲ့ ပါဘူး။ ဒါကြောင့် နိုင်ငံတော်မှ ငွေကြေးအကုန်အကျခံ တည်ဆောက်ပေးထားသော အကျိုးပြုမှု မရှိသေးတဲ့ ဟိုစဲ့ဆည်နဲ့ မယ်စဲ့မြို့အဝင်ဆည် (၂)ခုတို့ကို ပြည်သူများ အကျိုးပြုပေးစေမည့် လုပ်ငန်း တစ်ရပ်စီ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ စသည့် မေးခွန်းများကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စား တင်ပြရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၁၉။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ပတ်သက်ပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၁း၁၉။**

**ဦးခင်ဇော် (ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း ဂါရဝပြုအပ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး အမှတ်(၁၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဇော်(ခ)ကိုပေါက် ၏ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် ဒုတိယဝန်ကြီး ဦးခင်ဇော် မှ ရှင်းလင်းတင်ပြမှာ ဖြစ်ပါတယ်။

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါင်းတည်မြို့နယ်အတွင်းရှိ ဝဲကြီးချောင်းပေါ်တွင် ဝဲကြီးရေလှောင်တမံကို ၁၉၉၉ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ပြီး စိစစ်ပြီး အကျိုးပြုဧရိယာမှာ (၄၁၀၆၉)ဧက ရှိပါတယ်။ ဆည်ရေသောက်ဧရိယာသည် ပေါင်းတည်မြို့နယ် တစ်မြို့နယ်တည်း အတွက်ဖြစ်ပြီး ဝဲကြီးရေလှောင်တမံ ဆည်ရေကို နှစ်စဉ် နွေစပါး စိုက်ပျိုးရေနှင့် မိုးစပါး အောင်ရေကို ရေကူပေးရာတွင် အသုံးပြုလျက်ရှိပါတယ်။ ဝဲကြီးရေလှောင်တမံမှာ မိုးများသော နှစ်များတွင်သာ ကန်ရေပြည့်ရေမှတ်သို့ ရောက်ရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဝဲကြီးရေလှောင်တမံ ရေပိုလွှဲမှ ကျော်ကျသော ရေနှင့် ပင်မတူးမြောင်း၏ ရေကျော်ပေါက်မှ ထုတ်လွှတ်သည့်ရေဖြင့် ရွှေလေးချောင်း တစ်လျှောက် ပေါင်းတည်မြို့နယ်တွင် တမံပိတ်(၄)ခု၊ နတ်တလင်းမြို့နယ်တွင် တမံပိတ်(၈)ခု၊ မိုးညို မြို့နယ်တွင် တမံပိတ်(၁)ခု၊ စုစုပေါင်း(၁၃)ခု ပိတ်၍ အဆင့်ဆင့် ရေယူကာ မိုးစပါး (၉၀၀၀)ဧကကျော် စိုက်ပျိုးလျက်ရှိကြောင်း သိရှိရပါတယ်။

ဝဲကြီးရေလှောင်တမံ၏ နှစ်အလိုက် ရေပေးဝေမှုကို လေ့လာတွေ့ရှိချက်အရ မိုးစပါးတွင် စိစစ်ပြီး ရေသောက်ဧရိယာ (၄၁၀၆၉)ဧကကို အပြည့်အဝ စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် ၂၀၀၀-၂၀၀၁ ခုနှစ်တွင် နွေစပါး (၇၃၁၅)ဧက စတင်စိုက်ပျိုးခဲ့ပြီး ၂၀၁၀-၂၀၁၁ ခုနှစ်၊ နွေစပါး (၂၇၆၁၄)ဧက အများဆုံးစိုက်ပျိုးခဲ့ကြောင်း တွေ့ရှိရပါတယ်။ သို့ရာတွင် ၂၀၁၂-၂၀၁၃ ခုနှစ်တွင် နွေစပါး (၁၉၃၈၁) ဧကသာ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိအခြေအနေတွင် ဝဲကြီးရေလှောင်တမံ၏ နှစ်စဉ် ရေဝင်ရောက်မှု အခြေအနေ၊ ရေသိုလှောင်နိုင်မှု ပမာဏတို့မှာ ကာလတူ ယခင်နှစ်များကထက် လျော့နည်းနေကြောင်း တွေ့ရှိရပါတယ်။ ရာသီဥတုပြောင်းလဲမှု အခြေအနေအရ ၂၀၁၂-၂၀၁၃ ခုနှစ် မိုးနှောင်းခေါင်ခြင်းကြောင့် ဆည်ရေသောက်ဧရိယာအတွင်း ယခင်နှစ်များက ပေးဝေခြင်း မရှိခဲ့သော မိုးစပါးအောင်ရေကို ပေးဝေခဲ့ရပြီး ၂၀၁၃-၂၀၁၄ မိုးစပါး စိုက်ပျိုးရာသီတွင် မိုးဦးကာလ မိုးခေါင်ခြင်းကြောင့် ပျိုးထောင်ရေနှင့် ထယ်ခွဲရေကို ပေးခဲ့ရပါတယ်။

သို့ဖြစ်ပါ၍ ဆည်ရေသောက်ဧရိယာ ပြင်ပဖြစ်သော ပေါင်းတည်မြို့နယ်၊ နတ်တလင်းမြို့နယ်၊ မိုးညိုမြို့နယ်တို့၏ ရွှေလေးချောင်းရေသောက် (၉၀၀၀)ဧကကျော်အား ဝဲကြီးဆည် ရေသောက် ဧရိယာအဖြစ် စာရင်းတင် သတ်မှတ်မည်ဆိုပါက မူလသတ်မှတ်ထားသော ပေါင်းတည်မြို့နယ် အတွင်းရှိ ဆည်ရေသောက်ဧရိယာများကို ထိခိုက်နိုင်မည်ဖြစ်ပါကြောင်းနှင့် ရေပိုရေလျှံမှုအပေါ်မှာ ရွှေလေးချောင်း ရေသောက်ဧရိယာကို ဆည်ရေပေးဝေနိုင်မည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြား အပ်ပါတယ်။

C:\Users\user\Desktop\meeting\ပထမအ□ကိမ□ အမ□ိဳးသားလ□တ□တော□ သတ□မပုံမွန□အစည□းအေဝး မွတ္တမ□းမ်ား\8-2013\12-8-2013(20th)Meeting\12-8-2013 (20th) Meeting.docx

ဆက်လက်ပြီး ကယားပြည်နယ် အမှတ်(၁၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနှင်းဝေ ရဲ့ မေးခွန်းကို ကျွန်တော် ဆက်လက်ဖြေကြားပါ့မယ်ခင်ဗျား။ ကယားပြည်နယ် မယ်စဲ့မြို့နယ်အတွင်းရှိ အကျယ်(၈၀)ပေအောက် ရေလှောင်ဆည် (၇) ခုမှာ နန်းမန်းဆည်၊ နန်းပိန်းလိန်ဆည်၊ နန်းဟူးဆည်၊ မယ်ဆည်နန်ဆည်၊ ဝမ်ကန်ဆည်၊ ပန်တိန်းဆည်၊ ဟိုဂျစ်(နတ်ကုန်း)ဆည်များဖြစ်ပြီး ကျေးရွာမှ ထိန်းသိမ်းထားသော ကျေးရွာဆည်များ ဖြစ်ပါတယ်။ နန်းမန်းရေလှောင်ဆည်သည် မယ်စဲ့မြို့နယ်၊ နန်းမန်းကျေးရွာအနီး နန်းမန်းချောင်းပေါ်တွင် တည်ရှိပြီး ၁၉၉၁-၁၉၉၂ ခုနှစ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအဖြစ် တည်ဆောက်ခဲ့သော သစ်ရိုက်ကျောက်ဖြည့် ဆည်တစ်ခု ဖြစ်ပါတယ်။ နန်းမန်းရေလှောင်ဆည်ကို ကွန်ကရစ်ရေလှောင်ဆည်အဖြစ် အခိုင်အမာ တည်ဆောက်၍ ရေပေးမြောင်းစနစ်ကိုပါ အသစ် တည်ဆောက်ပေးမည်ဆိုပါက လယ်မြေဧက (၅၀)ကို စိုက်ပျိုးရေပေးဝေနိုင်မှာ ဖြစ်ပါတယ်။

နန်းပိန်းလိန်ရေလှောင်ဆည်သည် မယ်စဲ့မြို့နယ်၊ နန်းပိန်းလိန်ကျေးရွာအနီး၊ မယ်ဖချောင်းပေါ်တွင် တည်ရှိပြီး ၁၉၉၁-၁၉၉၂ ခုနှစ်တွင် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းအဖြစ် တည်ဆောက်ခဲ့သော ကျောက်ပန်းရံ ရေလှောင်ဆည်တစ်ခု ဖြစ်ပါတယ်။ နန်းပိန်းလိန်ရေလှောင်ဆည်အား (၃)ပေမှ (၅)ပေအထိ မြှင့်တင်၍ ကွန်ကရစ် ရေလှောင်ဆည်အဖြစ် အခိုင်အမာ တည်ဆောက်၍ ရေပေးမြောင်းစနစ်ကိုပါ အသစ် တည်ဆောက်ပေးမည်ဆိုပါက လယ်မြေဧရိယာဧက(၁၅၀)ခန့် ရေပေးဝေနိုင်မည် ဖြစ်ပါတယ်။ နန်းဟူးရေလှောင်ဆည်သည် မယ်စဲ့မြို့နယ်၊ နန်းဟူးကျေးရွာအနီး၊ မယ်ဖချောင်းပေါ်တွင်တည်ရှိပြီး ၁၉၉၄ ခုနှစ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအဖြစ် တည်ဆောက်ခဲ့သော သစ်ရိုက်ကျောက်ဖြည့် ဆည်တစ်ခု ဖြစ်ပါတယ်။ ရေသွင်းစိုက်ပျိုးနိုင်မည့် လယ်မြေဧရိယာ မရှိသည့်အတွက် ပြန်လည်ပြုပြင်ရန် မသင့်သော ရေလှောင်ဆည် ဖြစ်ပါတယ်။ မယ်ဆည်နန်ရေလှောင်ဆည်သည် မယ်စဲ့မြို့နယ်၊ မယ်ဆည်နန်ကျေးရွာအနီး၊ မယ်ဖချောင်းပေါ်တွင် တည်ရှိပြီး ၁၉၉၄ ခုနှစ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအဖြစ်တည်ဆောက်ခဲ့သော သစ်ရိုက်ကျောက်ဖြည့်ဆည် ဖြစ်ပါတယ်။ မယ်ဆည်နန်ရေလှောင်ဆည်အား ကွန်ကရစ်ဆည်အဖြစ် ပြန်လည်ပြုပြင်တည်ဆောက်ပေးပါက လယ်မြေဧက (၁၅)ဧကကိုသာ စိုက်ပျိုးရေ ပေးဝေနိုင်မည် ဖြစ်ပါတယ်။

ဝမ်ကန်ရေလှောင်ဆည်သည် မယ်စဲ့မြို့နယ်၊ ဝမ်ကန်ကျေးရွာအနီး၊ ပေါ့ချောင်းပေါ်တွင် တည်ရှိပြီး ၁၉၉၁-၁၉၉၂ ခုနှစ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအဖြစ် တည်ဆောက်ခဲ့သော ကျောက်ပန်းရံ ရေလှောင်ဆည်တစ်ခု ဖြစ်ပါတယ်။ ဝမ်ကန်ရေလှောင်ဆည်ကို ကွန်ကရစ် ရေလှောင်ဆည်အဖြစ် ပြန်လည်ပြုပြင် တည်ဆောက်ပေးပါက အများဆုံး လယ်မြေဧက (၁၅)ဧက ကိုသာ စိုက်ပျိုးရေ ပေးဝေနိုင်မည် ဖြစ်ပါတယ်။ ပန်တိန်းရေလှောင်ဆည်သည် မယ်စဲ့မြို့နယ်၊ ပန်တိန်းကျေးရွာ အနီး၊ မယ်စဲ့ချောင်းပေါ်တွင် ၁၉၉၄ ခုနှစ်၌ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအဖြစ် တည်ဆောက်ခဲ့သော ကျောက်ပန်းရံ ရေလှောင်ဆည် ဖြစ်ပါတယ်။ ၎င်းရေလှောင်ဆည်အား ကွန်ကရစ်ရေလှောင်ဆည်အဖြစ် ပြန်လည် တည်ဆောက်ပေး၍ ရေပေးမြောင်းစနစ်အသစ် တည်ဆောက်ပေးမည်ဆိုပါက လယ်မြေဧရိယာ (၃၅)ဧကကို စိုက်ပျိုးရေပေးဝေနိုင်မည် ဖြစ်ပါတယ်။ ဟိုဂျစ်(နတ်ကုန်း) ရေလှောင်ဆည်သည် မယ်စဲ့မြို့နယ်၊ ဟိုဂျစ်ဒေသနတ်ကုန်းကျေးရွာအနီး၊ မယ်ဖချောင်းပေါ်တွင် တည်ရှိပြီး ၁၉၉၇ ခုနှစ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအဖြစ် တည်ဆောက်ခဲ့သော ကျောက်ပန်းရံရေလှောင်ဆည် ဖြစ်ပါတယ်။

စိုက်ပျိုးမည့် လယ်မြေမရှိခြင်း၊ ဆည်ရေသောက်ဧရိယာအနီး ကျေးရွာများ မရှိ၍ စိုက်ပျိုးမည့် တောင်သူများ မရှိခြင်း စသည်တို့ကြောင့် ပြန်လည်ပြုပြင်ရန် မသင့်သည့် ရေလွှဲဆည် တစ်ခု ဖြစ်ပါတယ်။ အဆိုပါ ရေလွှဲဆည် (၇) ခုအနက် နန်းဟူးရေလွှဲဆည်နှင့် ဟိုဂျစ်(နတ်ကုန်း) ရေလွှဲဆည် တို့ကို ပြန်လည်ပြုပြင်မည်ဆိုသော်လည်း အကျိုးသက်ရောက်မှု လုံးဝ မရှိ၍ ပြုပြင်ရန် မသင့်ပါကြောင်းနှင့် ကျန်ရေလွှဲဆည် (၅) ခုမှာလည်း သတ်မှတ်ဧရိယာဧကကို ရရှိရန် မလွယ်ကူ ကြောင်းသိရှိရပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်းသည့် ကယားပြည်နယ်အတွင်းရှိ အလျားပေ(၁၅၀)အထက် ဟိုစဲ့ဆည်နှင့် မယ်စဲ့ဆည်တို့၏ လက်ရှိအခြေအနေများကို အောက်ပါ အတိုင်း တင်ပြအပ်ပါတယ်။

ဟိုစဲ့ရေလွှဲဆည်သည် မယ်စဲ့မြို့နယ်၊ ဟိုစဲ့ကျေးရွာအနီး၊ မယ်စဲ့ချောင်းပေါ်တွင် ၂၀၁၀ ခုနှစ်၌ တည်ဆောက်ခဲ့တဲ့ အလျား(၂၀၀)ပေရှိ ကျောက်ဖြည့်ကွန်ကရစ် ရေလွှဲဆည်တစ်ခု ဖြစ်ပါတယ်။ တူးမြောင်းစနစ်ကို ပြုပြင်ပြီးပါက လယ်မြေဧက(၂၅၀)ဧကကို စိုက်ပျိုးရေ ပေးဝေနိုင်မည် ဖြစ်ပါတယ်။ သောက်သုံးရေပေးဝေနိုင်ရန် ပြည်နယ်အစိုးရ အစီအစဉ်ဖြင့် ပိုက်လိုင်းသွယ်တန်းရန် စီစဉ်သင့် ပါတယ်။ မယ်စဲ့ရေစုကန်မှာ မယ်စဲ့မြို့နယ်အနီး ဟိုစဲ့ချောင်းလက်တက်ပေါ်တွင် ၂၀၀၄ ခုနှစ်က တည်ဆောက်ခဲ့သော ရေလှောင်တမံငယ်တစ်ခု ဖြစ်ပါတယ်။ မယ်စဲ့မြို့နေ ပြည်သူလူထုများအတွက် သောက်သုံးရေ ဖူလုံစွာပေးဝေနိုင်ရန် ရည်ရွယ်၍ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။

လက်ရှိအခြေအနေတွင် ရည်ရွယ်ချက်အတိုင်း သောက်သုံးရေ ဖူလုံစွာပေးဝေနိုင်ပါတယ်။ ဆည်ရေသောက် ဧရိယာ မရှိသဖြင့် စိုက်ပျိုးရေ ပေးဝေရန် မူလကပင် ရည်ရွယ်ခဲ့ခြင်း မရှိတဲ့ ဆည်တစ်ခုဖြစ်၍ ထပ်မံပြုပြင်ပေးရန် မလိုအပ်ပါ။ ကယားပြည်နယ်၊ မယ်စဲ့မြို့နယ်အတွင်း ပြန်လည် ပြုပြင်ရမည့် အလျားပေ (၈၀) အောက် ရေလွှဲဆည် (၅) ခုနှင့် ဟိုစဲ့ရေလွှဲဆည် ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများသည် ဆည်ရေသောက် ဧရိယာ ဧက (၅၀၀၀) အောက် လုပ်ငန်းများဖြစ်၍ ကယား ပြည်နယ်အစိုးရအဖွဲ့မှ ရန်ပုံငွေ တင်ပြတောင်းခံပြီး ရန်ပုံငွေရရှိပါက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုဖြင့် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါ ကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံကုန်စည် အမှတ်အသားများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆို တင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၁း၂၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်(၆)ဖြစ်ပါတယ်။ ယခု အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(က)အရ မြန်မာနိုင်ငံ ကုန်စည် အမှတ်အသားများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေး စဉ်းစားရန် အဆိုကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က လွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၃၀။**

**ဦးပွင့်ဆန်း (ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့် ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း ဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရကိုယ်စား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ မြန်မာနိုင်ငံကုန်စည်အမှတ်အသားများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်မှ ဆွေးနွေးစဉ်းစားရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် အမျိုးသားလွှတ်တော်သို့ အဆိုတင်သွင်းတာဖြစ်ပါတယ်။

ယခု တင်သွင်းတဲ့ မြန်မာနိုင်ငံကုန်စည်အမှတ်အသားများ အက်ဥပဒေ (The Burma Merchandise Marks Act) က ၁၈၈၉ ခုနှစ်က ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေဖြစ်တဲ့အပြင် ဒဏ်ငွေများမှာ ယခု ငွေကြေးတန်ဖိုးအခြေအနေအရ လိုက်လျောညီထွေမှု မရှိတော့တဲ့အတွက် ငွေဒဏ် တိုးမြှင့်သတ်မှတ်ရန် လိုအပ်တဲ့ အတွက်ကြောင့်လည်းကောင်း၊ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ မူရင်းအက်ဥပဒေတွင်ပါရှိသော အခေါ်အဝေါ်များကို ဥပဒေအားစီမံခန့်ခွဲမယ့် ပြည်ထောင်စုဝန်ကြီးဌာနများနဲ့ အစားထိုးထည့်သွင်းရန် လိုအပ်လာတဲ့အတွက်ကြောင့်လည်းကောင်း၊ ဥပဒေမူကြမ်းအား ပြင်ဆင်တင်ပြရခြင်းဖြစ်ပါတယ်။ အများပြည်သူများအနေနဲ့ ယခု ပြင်ဆင်ထားတဲ့ ဥပဒေမှ ပေးအပ်ထားသော အခွင့်အရေးများကို သိရှိနားလည်ပြီး တောင်းဆိုရယူနိုင်ရန် ကုန်ပစ္စည်းဆိုင်ရာ ဖော်ပြချက်များကို လိမ်လည်ဖော်ပြထားတဲ့ ကုန်ပစ္စည်းများအား အများပြည်သူများမှ ခွဲခြားသိရှိနိုင်ရန် ကုန်ပစ္စည်း ထုတ်လုပ်ရောင်းချသူ၊ တင်သွင်းသူများအနေနဲ့ ဥပဒေတွင် ဖော်ပြထားတဲ့ ကုန်ပစ္စည်းဆိုင်ရာ ဖော်ပြချက်များကို တိကျစွာ လိုက်နာစေရန် စတဲ့ ရည်ရွယ်ချက်များနဲ့ ခေတ်နဲ့လျော်ညီစွာ ကျင့်သုံးနိုင်ရန် လိုအပ်လာတဲ့အတွက် မြန်မာနိုင်ငံ ကုန်စည်အမှတ်အသားများ အက်ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေမူကြမ်းအား အမျိုးသားလွှတ်တော်မှ ဆွေးနွေးစဉ်းစားပေးပါရန် အဆို တင်သွင်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၃၁။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၃၁။**

**ဦးမန်းကံညွန့်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တင်သွင်းသွားပါသော မြန်မာနိုင်ငံ ကုန်စည်အမှတ်အသားများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားပေးပါရန် ကျွန်တော် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် မန်းကံညွန့် မှ ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။

**အချိန်၊ ၁၁:၃၂။**

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံကုန်စည်အမှတ်အသားများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက မြန်မာနိုင်ငံ ကုန်စည်အမှတ်အသားများ အက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားရန် အမျိုးသားလွှတ်တော်၏ သဘောတူညီချက်ရယူခြင်း

**အချိန်၊ ၁၁:၃၃။**

**ဥက္ကဋ္ဌ**။ ။ မြန်မာနိုင်ငံ ကုန်စည်အမှတ်အသားများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် က ဆွေးနွေးစဉ်းစားရန် သင့်၊ မသင့် လွှတ်တော်ရဲ့ သဘောထား ရယူမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံ ကုန်စည်အမှတ်အသားများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေး စဉ်းစားရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် မြန်မာနိုင်ငံ ကုန်စည်အမှတ်အသားများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံ ကုန်စည်အမှတ်အသားများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**အချိန်၊ ၁၁:၃၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံ ကုန်စည်အမှတ်အသားများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုတဲ့ အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၁၅-၈-၂၀၁၃ (ကြာသပတေးနေ့) ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

တင်သွင်းထားတဲ့ ဥပဒေကြမ်းနဲ့ စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို ဖတ်ကြားတင်သွင်းရန်နှင့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးရန် နေ့ရက်ကို သီးခြားသတ်မှတ်ပေးမှာ ဖြစ်ပါတယ်။

# အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၂၀)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၂၁)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁း၃၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေး (၂၁)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြိုတင်အသိပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၃၅။**

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။အားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို (၁၁း၃၅)နာရီအချိန်တွင် ရပ်နားပါသည်။]